# ကြေးမုံ

# The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိ တော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 11 January 2023 ၁၀၉၇၇


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၇၅)နှစ်မြောက် စိန်ရတု ကချင်ပြည်နယ်နေ့ အခမ်းအနားကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ တက်ရောက်



(၇၅)နှစ်မြောက် စိန်ရတု ကချင်ပြည်နယ်နေ့အခမ်းအနားကို ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။

**မြစ်ကြီးနား ဇန်နဝါရီ ၁၀**

(၇၅)နှစ်မြောက် စိန်ရတု ကချင်ပြည်နယ်နေ့အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်းတို့နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမောင်မောင်အုန်း၊ ဦးလှမိုး၊ ဦးသောင်းဟန်၊ ဦးအောင်နိုင်ဦး၊ ဒေါက်တာညွန့်ဖေ၊ ဦးမင်းသိန်းဇံ၊ ဦးမျိုးသန့်၊ ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်နှင့် ဦးဇော်အေးမောင်တို့ တက်ရောက်ကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

**ယနေ့ ဖတ်စရာ**

**ရာသီမရွေး စိုက်ပျိုးရေရရှိရေး ဆင်တပ်လျှပ်စစ်မြစ်ရေတင်အား ဆိုလာစနစ် တွဲဖက်တပ်ဆင်ပေး**



ဆောင်းပါး စာမျက်နှာ » ၆

**ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ**

စာမျက်နှာ » ၉

**ဓာတ်ခွဲနမူနာစုစုပေါင်း ၄၅၉၆ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိ**

စာမျက်နှာ » ၁၂

ကြေးမုံ

# မျိုးချစ်စိတ်ဓာတ်အခြေခံဖြင့် နိုင်ငံကောင်းကျိုးတည်ဆောက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ငြိမ်းချမ်းသာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုအဖြစ် တည်ဆောက်လျက်ရှိရာတွင် အမျိုးသားရေးစိတ်ဓာတ်အခြေခံဖြင့် ဆောင်ရွက်ကြရန် အလွန်အရေးကြီးသည်။ နိုင်ငံ၏ကောင်းကျိုးကို ဆောင်ရွက်ရာတွင် တစ်ဦးကောင်းတစ်ယောက်ကောင်းဖြင့် ဆောင်ရွက်၍မရနိုင်ဘဲ တိုင်းရင်းသားပြည်သူအားလုံး၏ အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသော ပေါင်းစုအင်အားဖြင့် တက်ညီလက်ညီဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း တစ်ရာကျော်ဖြင့် စုပေါင်းနေထိုင်ကြသော ပြည်ထောင်စုနိုင်ငံ ဖြစ်သည်။ တိုင်းရင်းသားအားလုံး၏ ဓလေ့ထုံးတမ်းအစဉ်အလာများဖြင့် အမျိုးသားရေးစရိုက်လက္ခဏာများကို အစဉ်လေးစားတန်ဖိုးထားသည့်နိုင်ငံဖြစ်သည်။ အမျိုးသားရေးလက္ခဏာများနှင့် အမျိုးသားယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ခြင်းဖြင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ပြီး တိုင်းပြည်နှင့်လူမျိုးအတွက် ကောင်းကျိုးများစွာ ရရှိမည်ဖြစ်သည်။ အမျိုးသားရေးလက္ခဏာများနှင့် အမျိုးသားယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ခြင်းမရှိပါက တိုင်းပြည်ကိုချစ်မြတ်နိုးသည့် မျိုးချစ်စိတ်ဓာတ်များ ခေါင်းပါးလာပြီး တိုင်းပြည်နှင့်လူမျိုးအတွက် ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်အစိုးရ တာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အခြေခံမူများဖြစ်သော ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၉)ရပ်တို့ကို ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် လူမှုရေးဦးတည်ချက်၌ “စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေးနှင့် တိုင်းရင်းသားပြည်သူအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး”တို့ကို ချမှတ်ပြီး လက်တွေ့အကောင်အထည်ဖော်လျက်ရှိသည်။

တိုင်းရင်းသားပြည်သူများကြားတွင် စစ်မှန်သောမျိုးချစ်စိတ် ရှင်သန်နေပါမှ၊ အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်ပါမှ နိုင်ငံတော်က အကောင်အထည်ဖော်နေသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးကို ဖြောင့်တန်းစွာတည်ဆောက်နိုင်မည်ဖြစ်သည်။ ဒီမိုကရေစီစနစ်ဆိုသည်မှာ ပြည်သူက ၎င်းတို့အား ကိုယ်စားပြုသူများကို ကိုယ်တိုင်ရွေးချယ်ပေးသည့် အုပ်ချုပ်ရေးစနစ်ဖြစ်သည်။ ဖက်ဒရယ်စနစ်ဆိုသည်မှာ မတူကွဲပြားသည့် တိုင်းဒေသကြီး/ပြည်နယ်များရှိ လူမျိုးများ၊ လူမျိုးစုများကို စုစည်းလုပ်ကိုင်ရာမှ လုပ်ကိုင်နိုင်ခွင့်များကို ခွဲဝေကျင့်သုံးသည့် အယူအဆသဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းသဘောဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်ဖြင့် လေးစားတန်ဖိုးထားကြပါမှ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကျင့်သုံးရေးတွင် ချောမွေ့စေမည်ဖြစ်သည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် နိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူအားလုံး အသိဉာဏ်ပညာနှင့် စိတ်ရင်းစေတနာမှန်ကန်မှုသည် အလွန်အရေးကြီးသည်။ မိမိတို့၏ အကျိုးစီးပွားကို ပြည်ထောင်စုကြီးတစ်ခုလုံး အကျိုးစီးပွားနှင့် ချိန်ထိုးဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်တွင် ရပ်တည်ဆောင်ရွက်နေမှုများအပေါ် ဓမ္မဓိဋ္ဌာန်ကျကျဖြင့် အကောင်းအဆိုး၊ အမှားအမှန် ခွဲခြားဆင်ခြင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ပြည်ထောင်စုကြီးနှင့် မိမိတို့ဒေသအနာဂတ်ကို လက်ဆင့်ကမ်းထမ်းဆောင်ကြမည့် လူငယ်လူရွယ်များအား မှန်ကန်သည့် အသိပညာ ဗဟုသုတနှင့် မျိုးချစ်စိတ်ဓာတ်များ လွှမ်းခြုံနိုင်အောင် ဖန်တီးဖော်ဆောင်ပေးကြရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် အကောင်အထည်ဖော်နေသော ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များသည် ပြည်ထောင်စုကြီးတစ်ခုလုံး၏ အကျိုးစီးပွားဖြစ်သည်ကို လေ့လာဆန်းစစ်ကြည့်နိုင်ပေသည်။ နိုင်ငံတော်နှင့် လူမျိုးအားလုံးနှင့်ပတ်သက်၍ ရှေ့လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြုံတွေ့လာရသည့် မည်သည့်အခက်အခဲ၊ အကျပ်အတည်း၊ စိန်ခေါ်မှုမျိုးကိုမဆို တိုင်းရင်းသားအားလုံး၏ စစ်မှန်သောပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံသည့် မျိုးချစ်စိတ်ဓာတ်နှင့် စည်းလုံးညီညွတ်မှုအင်အားများကို အခိုင်အမာဆောက်တည်ထားလျှင် ရင်ဆိုင်ကျော်လွှားနိုင်မည်ဟု ယုံကြည်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးအတွက် မဖြစ်မနေလိုအပ်သော စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို ခိုင်မာအောင်တည်ဆောက်ကြပြီး တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ နိုင်ငံတော်အေးချမ်းသာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို နိုင်ငံတော်အစိုးရနှင့်အတူ ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ ( ၁ ) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ဦးတင်ကိုကိုနိုင် | ညွှန်ကြားရေးမှူးချုပ်<br>လူမှုဖူလုံရေးအဖွဲ့<br>အလုပ်သမားဝန်ကြီးဌာန |
| (ခ) ဒေါက်တာအေးအေးဟန် | ပါမောက္ခချုပ်<br>မြင်းခြံတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ယဉ်ဦး ကို ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပြိုင်ပွဲများအတွက် ဆက်သွယ်မေးမြန်းနိုင်

နေပြည်တော် ဇန်နဝါရီ ၁၀

၂၀၂၃ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ ပြိုင်ပွဲများ ကျင်းပမည်ဖြစ်ပါသဖြင့် ပြိုင်ပွဲဖိတ်ခေါ်စာအား နေ့စဉ်ထုတ်သတင်းစာများတွင် ထည့်သွင်းဖော်ပြထားပြီးဖြစ်သည်။

ပြိုင်ပွဲနှင့်ပတ်သက်၍ သိရှိလိုပါက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ စီမံကိန်းဌာန ဖုန်းအမှတ် ၀၆၇ ၃၄၀၁၇၄၈ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၀ - ၁ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၇၀၀ | ၆၅၉ | ၅,၇၃၃,၃၀၀ |
| MTSH | ၃,၃၀၀ | ၃,၃၅၀ | ၃,၉၂၃ | ၁၃,၀၆၅,၉၀၀ |
| MCB | ၇,၄၀၀ | ၇,၅၀၀ | ၄၉ | ၃၆၃,၅၀၀ |
| FPB | ၁၈,၅၀၀ | ၁၈,၅၀၀ | ၀ | ၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၀ | ၀ |
| EFR | ၂,၇၅၀ | ၂,၇၅၀ | ၀ | ၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၁ | ၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

### နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇန်နဝါရီ ၁၀

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၂၅၅.၅ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၃၀၉.၉၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၂.၆၁၂ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၈၀.၂၅ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၆၄၉ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၄၈.၂ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၇၈.၁ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၅၉၂.၃ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၈.၇၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

တပ်မတော် အရာရှိကြီးများ၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များ၊ ပြည်နယ်ဥပဒေချုပ်နှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက ရိုးရာညွှန့်ကြိုအကဖြင့် ဂုဏ်ပြုကြိုဆိုကြသည်။

**သဝဏ်လွှာဖတ်ကြား**

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတု ကချင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်က ဖတ်ကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ကချင်ပြည်နယ် အစိုးရအဖွဲ့အတွက် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြား (Solar Home System Panels 120 W) အစုံ ၁၀၀ ကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူသည်။



(၇၅)နှစ်မြောက် စိန်ရတု ကချင်ပြည်နယ်နေ့အခမ်းအနား ကျင်းပစဉ်။

ယင်းနောက် ပြည်နယ်အစိုးရအဖွဲ့ရုံး မြက်ခင်းပြင်ရှေ့ မနောကွင်း၌ (၇၅)နှစ်မြောက် စိန်ရတု ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် အပိတ်မနောအကကို ဦးဆောင်အဖွဲ့က ဦးဆောင်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းမှူးနှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ငြိမ်းချမ်းရေးအကျိုးတော်ဆောင်အဖွဲ့များ၊ ဖိတ်ကြားထားသောအထူးဧည့်သည်တော်များ၊ ကချင်၊ ရှမ်းနှင့် ဗမာတိုင်းရင်းသားမျိုးနွယ်စုများ၊ ယဉ်ကျေးမှုအဖွဲ့များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြစ်ကြီးနားသူနာပြုသင်တန်းကျောင်းနှင့် နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းကျောင်းမှ သင်တန်းသားသင်တန်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်း၍ ရိုးရာအစဉ်အလာနှင့်အညီ တပျော်တပါး စုပေါင်းကကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**စိန်ရတု ရောက်ရှိခဲ့ပြီ**

ကချင်ပြည်နယ်နေ့သည် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက် မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိခဲ့ပြီးနောက် ဇန်နဝါရီ ၁၀ ရက်တွင် ကချင်ပြည်နယ်ကောင်စီ ညီလာခံ၏ ပထမဆုံးသော အစည်းအဝေးကို မြစ်ကြီးနားမြို့ စီတာပူမနောကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ၏ ပထမဆုံးသော သမ္မတ စဝ်ရွှေသိုက်ကိုယ်တိုင် တက်ရောက်၍ ဝန်ကြီးချုပ် ဦးနုနှင့်အတူ မနောမဏ္ဍပ်ကို ဖွင့်လှစ်အလံတင်ကာ ကချင်ပြည်နယ်အစိုးအရအဖွဲ့ကို ဖွဲ့စည်းခဲ့သဖြင့် ယင်းနေ့ကို ကချင်ပြည်နယ်နေ့အဖြစ် သတ်မှတ်၍ နှစ်စဉ် ကျင်းပရာ ယခုနှစ်တွင် (၇၅)နှစ်မြောက် စိန်ရတုကို ရောက်ရှိခဲ့ပြီဖြစ်သည်။



ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းတည်ငြိမ်ရေးအတွက် ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံမှ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် လူပုဂ္ဂိုလ်အဖွဲ့အစည်းများအား ဂုဏ်ထူးဆောင်ဆုများနှင့် မှတ်တမ်းတင်ဂုဏ်ပြုလွှာများ ချီးမြှင့်ပေးအပ်ပွဲအခမ်းအနား ကျင်းပစဉ်။

**ချီးမြှင့်ပေးအပ်**

ဆက်လက်၍ (၇၅)နှစ်မြောက် စိန်ရတု ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းတည်ငြိမ်ရေးအတွက် ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံမှ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့် လူပုဂ္ဂိုလ်အဖွဲ့အစည်းများကို ဂုဏ်ထူးဆောင်ဆုများနှင့် မှတ်တမ်းတင် ဂုဏ်ပြုလွှာများ ချီးမြှင့်ပေးအပ်ပွဲ အခမ်းအနားကို မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ဂုဏ်ထူးဆောင်ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်အပ်နှင်းနိုင်ရေး ဆောင်ရွက်ခဲ့မှုကို ရှင်းလင်းပြောကြားပြီး ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်က ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက် (၉)ရပ်ကို လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူပြီး ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသရွေ့ ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ အမိနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသား ပြည်သူများ၊ လူငယ်၊ လူရွယ်များသည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အမျိုးသားရေးတာဝန်အဖြစ် ကြိုးစား ထမ်းဆောင်ကြရေး တိုက်တွန်း မှာကြားသည်။

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်ကြည်လင်းက

**စာမျက်နှာ ၄ သို့ ☆**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ ဆုရရှိသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

☆ စာမျက်နှာ ၃ မှ

ဂုဏ်ထူးဆောင်ဆုနှင့် မှတ်တမ်းတင်ဂုဏ်ပြုလွှာများ ချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် လုပ်ငန်းကော်မတီများ ဖွဲ့စည်းပြီး ဥပဒေနှင့်အညီ စိစစ်ရွေးချယ်ဆောင်ရွက်ခဲ့မှုကို ရှင်းလင်းတင်ပြသည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် ဂုဏ်ထူးဆောင်ဆုနှင့် မှတ်တမ်းတင်ဂုဏ်ပြုလွှာများကို ပေးအပ်ချီးမြှင့်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်းတို့က စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆု (ပထမအဆင့်)ရ ပုဂ္ဂိုလ်များကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးများက စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆု (ဒုတိယအဆင့်) နှင့် (တတိယအဆင့်)ရ ပုဂ္ဂိုလ်များ၊ စီးပွားရေးဆိုင်ရာ(ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့်)ရ ပုဂ္ဂိုလ်များနှင့် မှတ်တမ်းတင်ဂုဏ်ပြုလွှာရရှိသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဒုတိယဝန်ကြီးများက (၇၅)နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့ အထိမ်းအမှတ် အဆင့်မြင့်ပညာနှင့် အခြေခံပညာတို့မှ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို လည်းကောင်း ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာတို့ကို ပေးအပ်ချီးမြှင့်ကြပြီး ဆုရရှိသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**ဆက်ကပ်လှူဒါန်း**

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးတို့သည် မြစ်ကြီးနားမြို့ အံတော်ရှင်ကျောင်းတိုက်သို့ သွားရောက်ပြီး ဝန်သိုကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကေတုမာလာနှင့် ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုကြပြီး သာသနာရေးဆိုင်ရာများကို လျှောက်ထားကာ ဆရာတော်၊ သံဃာတော်များထံ ဆန်အိတ် ၂၀၊ ဆီငါးပုံးနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် မြစ်ကြီးနားမြို့ အောင်နန်းရပ်ကွက်အတွင်းရှိ စိန့်ကိုလန်ဘန်ကက်သလစ် အသင်းတော် ဘုရားကျောင်းသို့ သွားရောက်ပြီး မြစ်ကြီးနားမြို့နယ်အတွင်းရှိ ခရစ်ယာန်အသင်းတော်များမှ ဖာသာများ၊ သိက္ခာတော်ရ ဆရာများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အပြန်အလှန်မိတ်ဆက်ကြပြီး အသင်းတော်များအတွက် သစ်သီးခြင်းများနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

■



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဝန်သိုကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကေတုမာလာထံ ဆန်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင် စိန့်ကိုလန်ဘန်ကက်သလစ် အသင်းတော်ဘုရားကျောင်း ခရစ်ယာန်အသင်းတော်များမှ ဖာသာများ၊ သိက္ခာတော်ရ ဆရာများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ သစ်သီးခြင်းများနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။



(၇၅)နှစ်မြောက် စိန်ရတု ကချင်ပြည်နယ်နေ့အခမ်းအနားကို ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။

# (၇၅)နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့အထိမ်းအမှတ် ငြိမ်းချမ်းသာယာ ရေကူးကန်ဖွင့်လှစ်

**မြစ်ကြီးနား ဇန်နဝါရီ ၁၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများသည် ယနေ့ မွန်းလွဲပိုင်းတွင် (၇၅)နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် မြစ်ကြီးနားမြို့ သီတာရပ်ကွက်ရှိ ငြိမ်းချမ်းသာယာ အားကစားကွင်းအတွင်း တည်ဆောက် ပြီးစီးခဲ့သည့် ငြိမ်းချမ်းသာယာ ရေကူးကန်ဖွင့်ပွဲသို့ တက်ရောက်ဖွင့်လှစ်ပေးကြသည်။

**တက်ရောက်**

အဆိုပါငြိမ်းချမ်းသာယာရေကူးကန်ဖွင့်ပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်းတို့နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမောင်မောင်အုန်း၊ ဦးလှမိုး၊ ဦးသောင်းဟန်၊ ဦးအောင်နိုင်ဦး၊ ဒေါက်တာညွန့်ဖေ၊ ဦးမင်းသိန်းဇံ၊ ဦးမျိုးသန့်၊ ဦးစောထွန်းအောင်မြင့်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်နှင့် ဦးဇော်အေးမောင်၊ တပ်မတော် အရာရှိကြီးများ၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အားကစားနှင့် ကာယပညာဦးစီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ကချင်ပြည်နယ်အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် အားလုံးတွင် တန်ဖိုးအကြီးဆုံး အမိုးအကာပါ ရေကူးကန်အသစ်ကို ပထမဦးဆုံး တည်ဆောက် ဖွင့်လှစ်နိုင်ခဲ့သည့် ပြည်နယ်တစ်ခု ဖြစ်သည့်အတွက် မှတ်တမ်းတင် ဂုဏ်ယူပါကြောင်း၊ နိုင်ငံတကာ အဆင့်မီ ရေကူးကန်ဖြစ်သည့်အတွက် စနစ်တကျ ထိန်းသိမ်း စောင့်ရှောက်နိုင်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အမှာစကား ပြောကြားသည်။

ထို့နောက် ရေကူးကန်ကို တာဝန်ယူ တည်ဆောက်ခဲ့သည့် မြန်မာ မိတ်ကာဟုမ်းကုမ္ပဏီက ရေကူးကန်ဆိုင်ရာ အချက်အလက်များကို လွှဲပြောင်းပေးအပ်ရာ ပြည်နယ်လူမှုရေးရာဝန်ကြီးက လက်ခံရယူသည်။

ယင်းနောက် ငြိမ်းချမ်းသာယာ ရေကူးကန်သစ်ကို ပြည်ထောင်စု ဝန်ကြီးများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ရေကူးကန် ဆိုင်းဘုတ်ကို နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၊ တက်ရောက် လာကြသူများက ရေကူးကန်ကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် သက်တမ်းအလိုက် ရေကူးပြိုင်ပွဲများကို ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲဝင်များကို ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်ကူညီကြသည့် တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့များ၊ ပန်းဖွားအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယနေ့ ဖွင့်လှစ်လိုက်သည့် ငြိမ်းချမ်းသာယာရေကူးကန်သည် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန၏ ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေကျပ်သန်း ၁၉၀၀ ဖြင့် နိုင်ငံတကာအဆင့်မီ အလျား မီတာ ၅၀၊ အနံ ၂၅ မီတာနှင့် ရေကူးပြေးလမ်း ၁၀ လမ်းပါ ရေကူးကန်ဖြစ်ပြီး ရေကူးကန်အတွင်း အလျား ကိုးမီတာ၊ အနံငါးမီတာရှိ LED အမှတ်ပေး ဆိုင်းဘုတ်အပါအဝင် ဂါလန်တစ်သိန်းဆံ့ မြေအောက်ရေကန်နှင့် အသံစနစ်၊ ခေတ်မီရေသန့်စင်သောစနစ်များ ပါဝင်သည့် ရေကူးကန်တစ်ခုဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ ငြိမ်းချမ်းသာယာရေကူးကန်ကို လှည့်လည်ကြည့်ရှုကြစဉ်။



ပြည်ထောင်စုဝန်ကြီးများက (၇၅)နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ငြိမ်းချမ်းသာယာရေကူးကန်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ (၇၅)နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲတက်ရောက်

**မြစ်ကြီးနား ဇန်နဝါရီ ၁၀**

(၇၅)နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကို ယနေ့ညပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ ကျင်းပသည်။

ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်းတို့နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမောင်မောင်အုန်း၊ ဦးလှမိုး၊ ဦးသောင်းဟန်၊ ဦးအောင်နိုင်ဦး၊ ဒေါက်တာညွန့်ဖေ၊ ဦးမင်းသိန်းဇံ၊ ဦးမျိုးသန့်၊ ဦးစောထွန်းအောင်မြင့်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့်ဇနီး၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ကြသည်။

ညစာစားပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ယနေ့ကျရောက်သည့် စိန်ရတုကချင်ပြည်နယ်နေ့မှသည် မိမိတို့၏ စည်းလုံးညီညွတ်မှုကို ပြသပြီး နိုင်ငံတော်နှင့် ပြည်နယ်ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများသည် စိန်ရတုကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြပြီး တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအဖွဲ့များက ရိုးရာယဉ်ကျေးမှုအကအလှများ၊ တေးသီချင်းသရုပ်ဖော်အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ရာသီမရွေး စိုက်ပျိုးရေရရှိရေး ဆင်တပ်လျှပ်စစ်မြစ်ရေတင်အား ဆိုလာစနစ်တွဲဖက်တပ်ဆင်ပေး

ဒေါက်တာတင်မာမာဦး

စစ်ကိုင်းတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ အနောက်မြောက်ဒေသတွင်တည်ရှိပြီး ရှမ်းပြည်နယ်ပြီးလျှင် ဒုတိယအကြီးဆုံးသော တိုင်းဒေသကြီးတစ်ခုဖြစ်ကာ မြန်မာနိုင်ငံ၏ဒုတိယစပါးကျီဟုလည်း တင်စားရမည်ဖြစ်သည်။

**အသားတင်စိုက်ပျိုးမြေ**
**၄၅ ဒသမ ၆ သိန်းကျော်ရ**

စစ်ကိုင်းတိုင်းဒေသကြီး၏ အဓိကစိုက်ပျိုးသီးနှံများအနေဖြင့် စပါးသီးနှံအပါအဝင် ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံ၊ နှစ်ရှည်သီးနှံနှင့် ဥယျာဉ်ခြံသီးနှံများ စုံလင်စွာစိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး တိုင်းဒေသကြီး၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍအနေဖြင့် စုစုပေါင်းမြေဧရိယာဧက ၂၃၁ သိန်းကျော်ရှိသည့်အနက် အသားတင်စိုက်ပျိုးမြေ ၄၅ ဒသမ ၆ သိန်းကျော်ရှိပြီး သီးထပ်၊ သီးညှပ်ဧက သိန်း ၉၀ ခန့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လယ်ယာကဏ္ဍသည် တိုင်းဒေသကြီး၏ အဓိကအားထားရာကဏ္ဍတစ်ခုဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ပုံမှန်မိုးရွာသွန်းမှုရှိပါက တည်ဆောက်ထိန်းသိမ်းထားသော ဆည်များ၊ ဒေသန္တရဆည်များ၊ မြစ်ရေတင်နှင့် မြေအောက်ရေလုပ်ငန်းများအရ အကျိုးသက်ရောက်သည့် ဧရိယာများနှင့် မိုးကောင်းသောက်ဧရိယာများတွင် စပါး ၂ ဒသမ ၁ သန်း၊ ပဲမျိုးစုံ ၂ ဒသမ ၅သန်း၊ ဆီထွက်သီးနှံ ၂ ဒသမ ၄ သန်း၊ အစေ့ထုတ်ပြောင်းသီးနှံတွင် ၁ ဒသမ ၉သိန်း၊ ကြံ သုံးသိန်းနှင့် အခြားစက်မှုကုန်ကြမ်းသီးနှံများ၊ နှစ်ရှည်သီးနှံများဖြင့် စုစုပေါင်းစိုက်ပျိုးဧရိယာ ကိုးသန်းခန့်ဖြင့် သီးနှံစုံလင်စွာစိုက်ပျိုးသော တိုင်းဒေသကြီးတစ်ခုဖြစ်သည်။

ထိုသို့ သီးနှံစုံစိုက်ပျိုးထုတ်လုပ်ရာတွင် လိုအပ်သည့် စိုက်ပျိုးရေအား အဓိကအားဖြင့် မိုးရေနှင့် ဆည်ရေကိုသာ အဓိကထားစိုက်ပျိုးကြသည့်အပြင် ယခုလက်ရှိအချိန်တွင် လျှပ်စစ်၊ လောင်စာဆီနှင့် သဘာဝနေရောင်ခြည်ဖြစ်သည့် ဆိုလာစွမ်းအင်သုံး ရေတင်စနစ်များအား အသုံးပြု၍ စိုက်ပျိုးရေရရှိရေး ဆောင်ရွက်လျက်ရှိသည်။

၂၀၂၁ ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့တွင် ကျင်းပသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က "မြစ်ချောင်းများအနီး စိုက်ပျိုးရေးလုပ်ငန်းများတွင် ရာသီမရွေး စိုက်ပျိုးရေလုံလောက်စွာရရှိရေးအတွက် မြစ်ရေတင်စီမံကိန်းများအား ထိထိရောက်ရောက်အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် နေရောင်ခြည်စွမ်းအင်သုံးမြစ်ရေတင်စီမံကိန်းများဆောင်ရွက်နိုင်မည်ဆိုပါက စိုက်ပျိုးရေများလုံလောက်စွာရရှိပြီး အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း" လမ်းညွှန်ချက်နှင့်အညီ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေဖူလုံစွာသုံးစွဲနိုင်ရေးနှင့် သဘာဝအရင်းအမြစ်များကို စရိတ်သက်သာစွာရေရှည်အသုံးပြုနိုင်ရေးအတွက် လက်ရှိအသုံးပြုလျက်ရှိနေသည့် လျှပ်စစ်မြစ်ရေတင် စီမံကိန်းများကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် နေရောင်ခြည်သုံး ဆိုလာစနစ်ဖြင့် ပြောင်းလဲအသုံးပြုနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။


ဆင်တပ်ရေတင်အဆင့်-၂ ရှိ ၁၆၀ ကီလိုဝပ်မော်တော်နှစ်စုံအား ဆိုလာစနစ်ဖြင့် ရေမောင်းနှင်ရန်အတွက် ၅၄၅ ဝပ်ဆိုလာပြား (2.274 m x 1.134m x 0.035m) ၇၈၄ ချပ်တပ်ဆင်ထားမှုကို တွေ့ရစဉ်။

**ဆင်တပ်လျှပ်စစ်မြစ်ရေတင်ဖွင့်ပွဲ**

ထိုသို့ စီမံဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)က စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ် ဆင်တပ်လျှပ်စစ်မြစ်ရေတင် အဆင့် (၂) ရှိ ၁၆၀ ကီလိုဝပ်မော်တာနှစ်စုံအား ဆိုလာစနစ်တွဲဖက်တပ်ဆင်ခြင်းဖွင့်ပွဲကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

စိုက်ပျိုးရေပေးဝေရာတွင် ဆိုလာစနစ် တွဲဖက်တပ်ဆင်အသုံးပြုခြင်းအားဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်၍ အရင်းအမြစ်ကုန်ခန်းနိုင်မှုမရှိခြင်း၊ လေထုညစ်ညမ်းမှု မရှိခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းကို အထောက်အကူပြုခြင်း၊ လျှပ်စစ်ဓာတ်အားခကုန်ကျစရိတ်သက်သာပြီး ရေတင်မှသုံးစွဲမည့်လျှပ်စစ်ဓာတ်အားကို အခြားလိုအပ်မည့်နေရာများသို့ ဖြန့်ဝေပေးနိုင်ခြင်း၊ ဒီဇယ်အင်ဂျင်သုံးရေတင်သောလုပ်ငန်းများတွင် အစားထိုးတပ်ဆင်အသုံးပြုနိုင်ခြင်းကြောင့် ဒီဇယ်ဆီသုံးစွဲမှုလျှော့ချနိုင်ခြင်း၊ လျှပ်စစ်ဓာတ်အား ရရှိနိုင်မှုမရှိသောဒေသများတွင် အလွယ်တကူတပ်ဆင်အသုံးပြုနိုင်ခြင်းကြောင့် ရေသွင်းစိုက်ပျိုးလာနိုင်ခြင်း၊ တစ်နိုင်တစ်ပိုင် ဆိုလာရေတင်စနစ်များတွင် တစ်နေရာမှတစ်နေရာသို့ရွှေ့ပြောင်း၍ အသုံးပြုနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

**စိုက်ပျိုးမြေဧက ၄၂၀၀ အားစိုက်ပျိုးရေပေးဝေနိုင်**

ဆင်တပ်လျှပ်စစ် မြစ်ရေတင်လုပ်ငန်းသည် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ် ဆင်တပ်ကျေးရွာအနီး ဧရာဝတီမြစ်၏ မြောက်ဘက်ခြမ်းတွင်တည်ရှိပြီး ဒေသဝမ်းစာဖူလုံရေးအတွက် စိုက်ပျိုးရေနှင့် သောက်သုံးရေပေးဝေလျက်ရှိသော လျှပ်စစ်မြစ်ရေတင်လုပ်ငန်းတစ်ခုဖြစ်ပြီး ဧရာဝတီမြစ်ရေကို ရေစုပ်စက်ကြီးများဖြင့် စုပ်တင်၍ မြောင်းမကြီးမှတစ်ဆင့် ရေတင်အဆင့်လေးဆင့်ဖြင့် ပင်မမြောင်း ၇ ဒသမ ၅၅ မိုင်၊ လက်တံ/ လက်တံခွဲမြောင်း ၆၃ ဒသမ ၃၅ မိုင်မှ စိုက်ပျိုးမြေဧက ၄၂၀၀ အား မိုး၊ ဆောင်း၊ နွေ သုံးသီး စိုက်ပျိုးရေပေးဝေနိုင်စေရန် တည်ဆောက်ထားသည့် လျှပ်စစ်မြစ်ရေတင်တစ်ခုဖြစ်သည်။

ဆင်တပ်လျှပ်စစ် မြစ်ရေတင်လုပ်ငန်းတွင် ရေတင်အဆင့် လေးဆင့်ပါဝင်ပြီး ရေတင်အဆင့်အလိုက် တပ်ဆင်ထားသော ရေစုပ်စက်၊ လျှပ်စစ်မော်တာနှင့် တပ်ဆင်ထားရှိသည့် အရေအတွက်မှာ အောက်ပါအတိုင်းဖြစ်သည်။

| စဉ် | ရေတင်အဆင့် | ရေစုပ်စက် | လျှပ်စစ်မော်တာ | အရေအတွက် |
|---|---|---|---|---|
| (က) | ရေတင်အဆင့် (၁) | ၃၀ ကျူးဆက် | ၂၅၀ ကီလိုဝပ် | ၆ စုံ |
| (ခ) | ရေတင်အဆင့် (၂) | ၂၀ ကျူးဆက် | ၁၆၀ ကီလိုဝပ် | ၄ စုံ |
| | | ၂၀ ကျူးဆက် | ၁၃၂ ကီလိုဝပ် | ၂ စုံ |
| (ဂ) | ရေတင်အဆင့် (၃) | ၂၀ ကျူးဆက် | ၁၃၂ ကီလိုဝပ် | ၅ စုံ |
| (ဃ) | ရေတင်အဆင့် (၄) | ၉ ကျူးဆက် | ၅၅ ကီလိုဝပ် | ၃ စုံ |

စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ် ဆင်တပ်လျှပ်စစ်မြစ်ရေတင် အဆင့် (၂) ရှိ ၁၆၀ ကီလိုဝပ်မော်တာနှစ်စုံအား ဆိုလာစနစ်တွဲဖက်တပ်ဆင်လုပ်ငန်းဆောင်ရွက်ပေးနိုင်ခြင်းအားဖြင့် စိုက်ပျိုးမြေဧက ၄၀၀ အား လျှပ်စစ်မီးမလိုဘဲ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေဖူလုံစွာပေးဝေနိုင်မည်ဖြစ်သည်။

**အကောင်အထည်ဖော်ဆောင်ရွက်**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအထွေထွေပိုလျှံရန်ပုံငွေဖြင့် မြင်းမူမြို့နယ် ပျော့ရွာရေတင်အဆင့်(၂) ရှိ ၂၀ ကျူးဆက်ပန့် + ၁၃၂ ကီလိုဝပ်မော်တာသုံးစုံ၊ ပျော့ရွာရေတင်အဆင့် (၃) ရှိ ၁၅ ကျူးဆက်ပန့် + ၉၀ ကီလိုဝပ်မော်တာနှစ်စုံနှင့် ကန့်ဘလူမြို့နယ် ကတ-၉၂ ရေတင်ရှိ ၇ ဒသမ၇ ကျူးဆက်ပန့် + ၃၀ ကီလိုဝပ် မော်တာနှစ်စုံတို့အတွက် ဆိုလာပါဝါ ၀ ဒသမ ၉၅၄ မီဂါဝပ် တပ်ဆင်ပေးနိုင်ခဲ့ပြီး ၂၀၂၁ -၂၀၂၂ ဘဏ္ဍာနှစ် (Mini Budget) တိုင်းဒေသကြီး အထွေထွေပိုလျှံရန်ပုံငွေဖြင့် စစ်ကိုင်းမြို့နယ် တပ်ရွာရေတင်ရှိ၃၀ ကျူးဆက်ပန့် + ၄၅၀ ကီလိုဝပ်မော်တာတစ်စုံ၊ ဆင်တပ်ရေတင်အဆင့်(၂) ရှိ ၂၀ ကျူးဆက်ပန့် + ၁၆၀ ကီလိုဝပ်မော်တာနှစ်စုံနှင့် မြင်းမူမြို့နယ် ပျော့ရွာရေတင်အဆင့် (၁) ရှိ ၃၀ ကျူးဆက်ပန့် + ၂၅၀ ကီလိုဝပ်မော်တာနှစ်စုံတို့အတွက် ဆိုလာပါဝါ ၁ ဒသမ ၆၅၁ မီဂါဝပ်တပ်ဆင်လျက်ရှိပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအထွေထွေပိုလျှံရန်ပုံငွေဖြင့် မုံရွာခရိုင် မုံရွာမြို့နယ်နှင့် ချောင်းဦးမြို့နယ်တို့ရှိ စိုက်ပျိုးရေစက်ရေတွင်း ၂၀ အတွက် ဆိုလာပါဝါ ၀ ဒသမ ၆၄မီဂါဝပ်တို့အားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စုစုပေါင်းတပ်ဆင်ဆဲ ဆိုလာ ပါဝါ ၁ ဒသမ ၈၇၅ မီဂါဝပ်နှင့် ယခုဆင်တပ်မြစ်ရေတင်အပါအဝင် စုစုပေါင်းဆိုလာပါဝါ ၁ ဒသမ ၃၇ မီဂါဝပ်တပ်ဆင်ပြီးစီးပြီဖြစ်ရာ ဆင်တပ်လျှပ်စစ်မြစ်ရေလုပ်ငန်းမှကျန်ရှိသည့် ရေတင်အဆင့်သုံးခုကိုလည်း လာမည့်ဘဏ္ဍာနှစ်များတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

စာမျက်နှာ ၇ သို့ ☆


ဆင်တပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို တွေ့ရစဉ်။

"ဆင်တပ်လျှပ်စစ်မြစ်ရေတင် အဆင့် (၂) ရှိ ၁၆၀ ကီလိုဝပ် မော်တာနှစ်စုံအား ဆိုလာစနစ်တွဲဖက်တပ်ဆင်လုပ်ငန်း ဆောင်ရွက်ပေးနိုင်ခြင်းအားဖြင့် စိုက်ပျိုးမြေဧက ၄၀၀ အား လျှပ်စစ်မီးမလိုဘဲ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေဖူလုံစွာပေးဝေနိုင်မည်"

# ပြည်ထောင်စုဝန်ကြီး ဦးကိုကို“အသက်ထက်မြတ်သောဂုဏ်သိက္ခာ ဇာတ်တော်ကြီး” လေ့ကျင့်ဇာတ်တိုက်နေမှု ကြည့်ရှုအားပေး

ရန်ကုန် ဇန်နဝါရီ ၁၀

အများပြည်သူများ စိတ်အပန်းပြေစေရန်နှင့် စိတ်ခွန်အားရရှိစေရန်အတွက် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံကြီး၌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက စီစဉ်ကပြမည့် “အသက်ထက်မြတ်သော ဂုဏ်သိက္ခာဇာတ်တော်ကြီး” ဇာတ်တိုက်လေ့ကျင့်နေမှု၊ အသံပိုင်း၊ မီးပိုင်းနှင့် ဆက်တင်ပိုင်းဆိုင်ရာများကို ယနေ့နံနက်ပိုင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။




**သတိမူစရာ သင်ခန်းစာ**

“အသက်ထက်မြတ်သော ဂုဏ်သိက္ခာဇာတ်တော်ကြီး”သည် မြန်မာ့သမိုင်းတွင် ရတုရေးသားရာ၌ တံခွန်စိုက်ထူခဲ့သည့် တောင်ငူဘုရင် နတ်သျှင်နောင်နှင့် ရာဇဓာတုကလျာမင်းသမီးတို့၏ အချစ်ဇာတ်ကြောင်း၊ ဟံသာဝတီပြည့်ရှင် ဘုရင့်နောင်မင်းတရားကြီး၏ သမီးတော်ဖြစ်သော်လည်း လောကဓံအနိမ့်အမြင့်၊ အတက်အကျတွင် လိုက်ပါခဲ့ရသည့် ရာဇဓာတုကလျာ၏ ရင်နင့်ဖွယ်ရာဖြစ်ရပ်နှင့်အတူ ပဒေသရာဇ်များ၏ အားပြိုင်မှုမှ ဖြစ်ပေါ်လာသော နိုင်ငံရေး၊ စစ်ရေး၊ အခင်းအကျင်းများကို နောက်ခံလျက် စစ်ရေးစစ်ရာတွင် ရဲစွမ်းသတ္တိရှိသည်သာမက အနုသုခုမပညာတွင်လည်း လက်ရာပြောင်မြောက်ခဲ့သော နတ်သျှင်နောင်သည် မိမိတို့၏ နိုင်ငံအတွင်းပြဿနာကိုဖြေရှင်းရန် ကြိုးပမ်းရာ၌ တိုင်းတစ်ပါးသားကို အကြွင်းမဲ့ယုံစား၍ ပူးပေါင်းဆောင်ရွက်မိသဖြင့် မလှပသောသမိုင်းနိဂုံးဖြင့် ဇာတ်သိမ်းရသည်ကို သမိုင်းတစ်ကွေ့၏ သတိမူစရာသင်ခန်းစာဖြစ်ရပ်တစ်ခုအနေဖြင့် တင်ဆက်ကပြရခြင်းဖြစ်သည်။

အဆိုပါ ဇာတ်တော်ကြီးကို (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာနိုင်ငံသို့လွှဲပြောင်းပေးအပ်ခဲ့သော ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံကြီးတွင် နိုင်ငံ့တာဝန်ထမ်းဆောင်နေကြသောဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းပြည်တာဝန်ထမ်းဆောင်နေကြသော တပ်မတော်သားများနှင့် မိသားစုများ၊ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများကို ဇန်နဝါရီ ၁၀ ရက်၊ ၁၂ ရက်နှင့် ၁၄ ရက်တို့တွင် မွန်းလွဲ ၁ နာရီမှစ၍ တင်ဆက်ကပြဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဝန်ထမ်းအိမ်ရာများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၀

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းသည် ဇန်နဝါရီ ၈ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဘောဂသိဒ္ဓိရပ်ကွက်ရှိ လူပျိုဆောင်နှင့် အပျိုဆောင်များ၊ ဓနသိဒ္ဓိရပ်ကွက်၊ ဗလသိဒ္ဓိရပ်ကွက်၊ ဉာဏသိဒ္ဓိရပ်ကွက်၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ သုခသိဒ္ဓိရပ်ကွက်နှင့် ပညာသိဒ္ဓိရပ်ကွက်များရှိ အိမ်ထောင်သည်ဝန်ထမ်းအိမ်ရာများသို့ သွားရောက်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် ဒုတိယဝန်ကြီးက ဝန်ထမ်းများကို ရင်းနှီးစွာတွေ့ဆုံ၍ လူပျိုဆောင်ရှေ့မျက်နှာစာ လမ်းတစ်ဖက်ရှိ ချုံနွယ်များနှင့် အမှိုက်များကို ရှင်းလင်းရန်၊ ရေချိုးခန်းနှင့် အိမ်သာများကို နေ့စဉ်သန့်ရှင်းရေးဆောင်ရွက်ရန်၊ လူပျိုဆောင်များတွင် ည ၁၀ နာရီနောက်ပိုင်းနှင့် အပျိုဆောင်များတွင် ည ၉ နာရီနောက်ပိုင်း အဆောင်တံခါးများ ပိတ်ရန်၊ အိမ်ရာနှင့် အဆောင်များတွင် ဧည့်သည်များရှိက ဧည့်စာရင်းတိုင်ကြားရန်၊ ဧည့်သည်များ မှတ်ပုံတင်စာအုပ် ထားရှိရန်၊ တိုက်တာဝန်ခံ/ ဒုတိယတိုက်တာဝန်ခံများတွင် နေထိုင်သူများစာရင်း ပြုစုထားရှိရန်၊ လျှပ်စစ်မီး ဂရုပြုသုံးစွဲရန်နှင့် လျှပ်စစ်ပလပ်ပေါက်များ ကောင်း/ မကောင်း စစ်ဆေးပြီး မကောင်းက ပြုပြင်ထားရန်၊ တိုက်ပတ်ဝန်းကျင်/ အဆောင်ပတ်ဝန်းကျင်များကို ချုံနွယ်ပိတ်ပေါင်း၊ အမှိုက်သရိုက်သန့်ရှင်းရေးများ အမြဲပြုလုပ်ရန်နှင့် အပတ်စဉ် စုပေါင်းသန့်ရှင်းရေးများ ပြုလုပ်ရန်၊



ခြံစည်းရိုးနှင့် ပလက်ဖောင်းကြားရှိအပင်များအား ရှင်းလင်းထားရန်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းပြီး အလင်းဖွင့်ထားရန်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ထုတ်ပြန်ထားသည့် စည်းကမ်းချက်များနှင့်အညီ လိုက်နာနေထိုင်ရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ဒုတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဇန်နဝါရီ ၁၀

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီးတွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ ကချင်ပြည်နယ်တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နှစ်ရက်မှ သုံးရက်ခန့်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် မွန်ပြည်နယ်တို့တွင် တစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

**ညအပူချိန်**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ငါးရက်မှ ကိုးရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တစ်ရက်မှ လေးရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်ခန့်စီ လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် သုံးလက်မခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်ခန့်စီ၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် သုံးလက်မခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေဝက်ခန့်စီ၊ သံလွင်မြစ်ရေသည် ဖားဆောင်းမြို့နှင့် ဘားအံမြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့်၊ ကုလားတန်မြစ်ရေသည် ပလက်ဝမြို့နှင့် ကျောက်တော်မြို့တို့တွင် ပေဝက်ခန့်စီ၊ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် ပေဝက်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

**မိုး/ဇလ**

☆ စာမျက်နှာ ၆ မှ

**တွင်း ၂၀ အား ဆိုလာစနစ် တွဲဖက်တပ်ဆင်ရန်လျာထား**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင်လည်း တိုင်းဒေသကြီး အထွေထွေပိုလျှံရန်ပုံငွေဖြင့် မုံရွာခရိုင် လျှပ်စစ်စက်ဝိုင်းလေးခုအတွင်းရှိ မုံရွာမြို့နယ်မှ စက်ရေတွင်း ၁၈ တွင်းနှင့် ချောင်းဦးမြို့နယ်မှ စက်ရေတွင်း နှစ်တွင်း စုစုပေါင်းတွင်း ၂၀ အား ဆိုလာစနစ်တွဲဖက်တပ်ဆင်ရန် လျာထားဆောင်ရွက်လျက်ရှိရာ လျှပ်စစ်မီတာခ ကုန်ကျစရိတ်သက်သာစွာဖြင့် စိုက်ပျိုးသီးနှံများအား နွေ၊ မိုး၊ ဆောင်း တစ်နှစ်ပတ်လုံး စိုက်ပျိုးရေများပေးဝေနိုင်မည်ဖြစ်ပြီး အခြေအနေပေးသည့် ကျန်မြစ်ရေတင်စီမံကိန်းများနှင့် လျှပ်စစ်စက်ဝိုင်းများအတွင်းရှိ စက်ရေတွင်းများတွင်လည်း ဆိုလာစနစ်ဖြင့် ပြောင်းလဲအသုံးပြုနိုင်ရေးကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် ယခင်က မိုးရေကိုသာ မှီခိုအားထားစိုက်ပျိုးခဲ့ကြရသည့် တောင်သူများအနေဖြင့် ယခုအခါတွင် ဆည်များ၊ တာတမံများ၊ မြစ်ရေတင်များ၊ မြေအောက်ရေ လုပ်ငန်းများ တည်ဆောက်ပေးခြင်းကြောင့် သီးနှံမျိုးစုံအား တစ်သီးစားမှ သုံးသီးစားပြောင်းလဲ၍ တစ်နှစ်ပတ်လုံးစိုက်ပျိုးနိုင်ကြပြီဖြစ်ရာ တိုင်းဒေသကြီး၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ခြင်းမှသည် ဒေသခံတောင်သူများအတွက် ရေရှည်အကျိုးစီးပွားဖန်တီးပေးနိုင်မည်ဖြစ်ကာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရသည်။ ။

# ကချင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်း၊ တံတားများ တည်ဆောက်

**နေပြည်တော် ဇန်နဝါရီ ၁၀**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့က မန္တလေး - လားရှိုး - ဗန်းမော် - မြစ်ကြီးနားလမ်းပေါ်ရှိ အရှည် ၃၂၁၂ ပေ ဗလမင်းထင်တံတား အမှတ်(၂) တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တံတားတည်ဆောက်ရေး ရှင်းလင်းဆောင်တွင် တာဝန်ခံအင်ဂျင်နီယာက တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ တံတားဆိုင်ရာ အချက်အလက်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွင် အရေးပါသည့် ဧရာဝတီမြစ်ကူး ဗလမင်းထင်တံတား အမှတ်(၂)ကို ပြည်သူများသွားလာရေးလွယ်ကူအဆင်ပြေစေရန် တံတားသစ်ကို တည်ဆောက်ပေးခြင်းဖြစ်ပါကြောင်း၊ တံတားတည်ဆောက်နေစဉ်ရေလမ်းကြောင်း ပြောင်းလဲမှုမရှိစေရေး သက်ဆိုင်ရာအဖွဲ့များဖြင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်လိုပါကြောင်း၊ တံတားချဉ်းကပ်လမ်းမြေကြီးလုပ်ငန်းများကို တစ်ပြိုင်တည်းဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ပါကြောင်း၊ တံတားတည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေး စံချိန်စံညွှန်းပြည့်မီရေးနှင့် သက်မှတ်ချိန်အတွင်းပြီးစီးရေး ကြိုးစားဆောင်ရွက်ရန်တို့ကို မှာကြားပြီး တံတားတည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။



ယခုတည်ဆောက်နေသော ဗလမင်းထင်တံတား အမှတ်(၂)သည် နိုင်ငံ၏ အသက်သွေးကြောမြစ်ဧရာ စတင်ဖြစ်ပေါ်ရာ မြန်မာပြည်မြောက်ဖျားပိုင်းရှိ သွေးချင်းတိုင်းရင်းသားတို့နေထိုင်ရာ ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် တည်ဆောက်ထားခြင်းဖြစ်ပြီး နိုင်ငံ၏စီးပွားရေးတွင် အချက်အခြာကျသည့် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် ထိစပ်သည့် ကုန်သွယ်ရေးလမ်းကြောင်းပေါ်တွင် တည်ရှိသည့်အတွက် များစွာအကျိုးကျေးဇူးရရှိမည်ဖြစ်သည်။

ဗလမင်းထင်တံတား အမှတ်(၂)သည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်တွင် တည်ရှိပြီး တံတားအမျိုးအစားမှာ Steel Box Girder and RCC Slab တံတားအမျိုးအစားဖြစ်ပြီး တံတား အရှည် ၃၂၁၂ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၇ ပေ ၁၀ လက်မ၊ လူသွားလမ်းတစ်ဖက်လျှင် ၃ ပေ ၄ လက်မပါရှိပြီး တံတားအောက်ရေလမ်းကင်းလွတ် အကျယ်ပေ ၃၅၀၊ အမြင့် ၂၆ ပေ ၃ လက်မရှိကာ ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန်မှာ ၇၅ တန် ဖြစ်သည်။ ယခုအခါ တံတားတစ်စင်းလုံး (၂၀ ရာခိုင်နှုန်း) ပြီးစီးနေပြီး သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် လမ်းဦးစီးဌာနမှ အရှည် ၈ မိုင် ၃ ဖာလုံ နန်ပေါင်လေယာဉ်ကွင်း ရှောင်ကွင်းလမ်းဖောက်လုပ်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

နန်ပေါင်လေယာဉ်ကွင်း ရှောင်ကွင်းလမ်းသည် ရွှေဘို - မြစ်ကြီးနားလမ်းဘေးရှိ နန်ပေါင် လေယာဉ်ကွင်းအား ရှောင်ကွင်းသွားလာနိုင်ရန် ဆောင်ရွက်ပေးခြင်းဖြစ်ပြီး ယခုနှစ်တွင် အရှည် ၆ မိုင် ၃ ဖာလုံ၊ အကျယ် ၂၄ ပေ ကွန်ကရစ်လမ်းခင်းမည်ဖြစ်ပြီး ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်တွင်ပြီးစီးရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ လမ်းဦးစီးဌာနရုံးတွင် အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကချင်ပြည်နယ်ရှိ မြစ်ကြီးနားခရိုင်၊ မိုးညှင်းခရိုင်၊ ဗန်းမော်ခရိုင်၊ ပူတာအိုခရိုင်၊ ချီဖွေခရိုင်၊ တနိုင်းခရိုင်တို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး လုပ်ငန်းလမ်းညွှန်မှာကြားသည်။

တွေ့ဆုံပွဲတွင် ကချင်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ခရိုင်/အထူးအဖွဲ့တို့မှ ညွှန်ကြားရေးမှူး(မြို့ပြ)များက ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက မိမိပြည်နယ်အတွင်းရှိ အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြအိမ်ရာဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုးတက်အောင်မြင်အောင် ကြိုးစားဆောင်ရွက်စေလိုကြောင်း၊ လုပ်ငန်းအခက်အခဲ၊ ကိုယ်ရေးကိုယ်တာ အခက်အခဲများရှိပါက မိသားစုစိတ်ဓာတ်ထားရှိကာ ပွင့်ပွင့်လင်းလင်း အချိန်မရွေးတင်ပြနိုင်ပါကြောင်း ပြောကြားခဲ့ပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## (၂၁) ကြိမ်မြောက် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို)၏ နှစ်ပတ်လည်ဗဟိုကော်မတီအစည်းအဝေး ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၀**

(၂၁) ကြိမ်မြောက် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို)၏ ၂၀၂၂ ခုနှစ် နှစ်ပတ်လည်ဗဟိုကော်မတီအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်လမ်း ဗဟန်းရေတာရှည်လမ်းသစ်ထိပ်ရှိ ကျောက်ဆည်ဓမ္မာရုံခန်းမဆောင်၌ကျင်းပရာ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဗဟိုကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်(ငြိမ်း) ဝဏ္ဏကျော်ထင် ဦးစိုးဝင်းက အမှာစကားပြောကြားသည်။ ထို့နောက် စေတနာရှင်အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ အသင်းဗဟိုကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ ဦးစောငွေနှင့် ဒုတိယဥက္ကဋ္ဌ ရဲမှူးကြီးသိန်းကြည်(ငြိမ်း)တို့က လက်ခံရယူကြသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ၂၀၂၂ ခုနှစ် လုပ်ငန်းအစီရင်ခံစာများ၊ ဘဏ္ဍာရေးရှင်းတမ်း၊ စာရင်းစစ်အစီရင်ခံစာနှင့် တိုင်းဒေသကြီး၊ ပြည်နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို တာဝန်ရှိသူများက အသီးသီးဖတ်ကြားတင်ပြပြီး တံလျှပ်သုတရသဂျာနယ် ဆက်လက်ထုတ်ဝေရန်နှင့် လုပ်ငန်းစီမံချက်များအပေါ် ဆွေးနွေးသုံးသပ်တင်ပြကြကာ ဗဟိုကော်မတီအစည်းအဝေးက ချမှတ်လိုက်သော ရှေ့လုပ်ငန်းစဉ် (၁၀) ရပ်ကို ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

**ဉာဏ်ဟိန်း**



## (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လွိုင်ကော်မြို့တွင်း ဦးသီရိလမ်း ကတ္တရာကွန်ကရစ်(AC)လမ်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**လွိုင်ကော် ဇန်နဝါရီ ၁၀**



(၇၁)နှစ်မြောက် ကယားပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လွိုင်ကော်မြို့ ဒေါဥခူရပ်ကွက် ဦးသီရိလမ်း ကတ္တရာကွန်ကရစ်(AC)လမ်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ကယားပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးနှင့် အဆင့်မီမြို့တွင်းလမ်းများဖြစ်လာစေရေး ဘဏ္ဍာနှစ်အလိုက် ကတ္တရာကွန်ကရစ်(AC)လမ်းများ တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၎င်းအပြင် သစ်သားတံတားများနေရာတွင် သံကူကွန်ကရစ်တံတားများ တည်ဆောက်ပေးခြင်း၊ လမ်းအဆင့်အတန်းနှင့် လျော်ညီစွာ တံတားများချဲ့ထွင်ခြင်းများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယနေ့တွင် လွိုင်ကော်မြို့တွင်း ဦးသီရိလမ်း ကတ္တရာကွန်ကရစ်(AC)လမ်း ဖွင့်လှစ်ပေးနိုင်ခဲ့၍ လမ်းဦးစီးဌာနမှ ကာယဉာဏ ဝန်ထမ်းများ၊ လုပ်ငန်းတင်ဒါကုမ္ပဏီများ၊ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခဲ့သည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာအသီးသီးတို့ကို ကျေးဇူးတင်ဂုဏ်ပြုကြောင်းနှင့် အဆင့်မြှင့်တင်ခဲ့သော လမ်းများကို ရေရှည်အသုံးပြုနိုင်စေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးကြရန် လိုအပ်ကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် လွိုင်ကော်မြို့တွင်း ဦးသီရိလမ်း ကတ္တရာကွန်ကရစ်(AC)လမ်း ဖွင့်လှစ်ပေးခဲ့မှုနှင့် ပတ်သက်၍ ဒေသခံပြည်သူများကိုယ်စား လွိုင်ကော်မြို့ ဒေါဥခူရပ်ကွက်နေ ဦးထွန်းအောင်ကျော်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် လွိုင်ကော်မြို့တွင်း ဦးသီရိလမ်း ကတ္တရာကွန်ကရစ်လမ်းအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က အကအဖွဲ့ကျောင်းသူများနှင့် ဖဲကြိုးကိုင် ကျောင်းသူများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်သည်။

၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြပြီး ဦးသီရိလမ်း ကတ္တရာ ကွန်ကရစ်လမ်းအား ဖြတ်သန်းကြည့်ရှုကြသည်။

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ပေးထားသည့် မူဝါဒလမ်းညွှန်ချက်များနှင့်အညီ ပြည်နယ်ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ဘက်ပေါင်းစုံ ကဏ္ဍစုံမှ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ဖွင့်လှစ်သည့် လမ်းအပါအဝင် ကတ္တရာ ကွန်ကရစ်(AC)လမ်း စုစုပေါင်း မိုင်အရှည် ၂၃ မိုင် ၈ ဖာလုံခန့်အား ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

သင့်ကျန်းမာရေးအတွက် နေ့စဉ်နံနက်စောစောလမ်းလျှောက်ပေးပါ

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၁၀**

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ကျင်းပသည်။

**ပြောကြား**

အစည်းအဝေးတွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက အာရှ-ပစိဖိတ်ဒေသ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးအဖွဲ့သို့ နည်းပညာပိုင်းဆိုင်ရာ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်မှု အကြံပြုချက်များအပေါ် စံနှုန်းသတ်မှတ်ချက် တိုးမြှင့်တောင်းခံနိုင်ရေးနှင့် ထပ်မံထုတ်ပြန်မည့် အမိန့်ညွှန်ကြားချက်များကို သတ်မှတ်ထားသည့် ကာလအတွင်း အပြီးဆောင်ရွက်ရန်၊ ငွေကြေးခဝါချမှု အန္တရာယ်များကို နားလည်သိရှိမှု တိုးတက်ကြောင်း ပြသရန်၊ အသိပညာဖြန့်ဝေခြင်း၊ မှတ်ပုံတင်ခြင်း၊ ကြီးကြပ်ခြင်းအပါအဝင် ဟွန်ဒီလုပ်ငန်းများနှင့် ဆက်စပ်သည့် စည်းမျဉ်းများကို အကောင်အထည်ဖော်ဆောင်ရန်၊ နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများနှင့် သတင်းအချက်အလက်ဖလှယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများကို တိုးမြှင့်ဆောင်ရွက်ရန်၊ ငွေကြေးဆိုင်ရာ ထောက်လှမ်းရေး သတင်းအချက်အလက်များပေးခြင်းကို တိုးမြှင့်ဆောင်ရွက်ရန်၊ နိုင်ငံဖြတ်ကျော် ငွေကြေးခဝါချမှုများကို စုံစမ်းစစ်ဆေးရာတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို တရားဝင်လမ်းကြောင်းနှင့် အလွတ်သဘော (Informal) လမ်းကြောင်းနှစ်ရပ်လုံးဖြင့် ဆောင်ရွက်ရန်၊ လူအများအပြား သေကျေစေသည့် လက်နက်များ ပြန့်ပွားစေရန် ငွေကြေးထောက်ပံ့မှုအပေါ် ဘဏ္ဍာရေးအရ ပစ်မှတ်ထားအရေးယူမှုဆိုင်ရာ တာဝန်ဝတ္တရားများနှင့် ပတ်သက်၍ အသိပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်နှင့် ရှေ့ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆွေးနွေးပြီး လာမည့်ဖေဖော်ဝါရီ ၁ ရက်မတိုင်မီ စံနှုန်းသတ်မှတ်ချက်တောင်းခံရာတွင် တိုးမြှင့်ရရှိစေရေးအတွက် ကြိုးပမ်းကြရန် ပြောကြားသည်။

ထို့နောက် လုပ်ငန်းအဖွဲ့ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက အဆိုပါအကြံပြုချက်များ၏ စံနှုန်းသတ်မှတ်ချက် တိုးမြှင့်တောင်းခံရေးကိစ္စရပ်များကိုလည်းကောင်း၊ အကောင်အထည်ဖော်ရမည့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက လိုအပ်သည်များကို ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

**အမြန်ဆုံး လွတ်မြောက်စေရေး**

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်း အဖွဲ့အနေဖြင့် ၂၀၂၂ ခုနှစ် နိုဝင်ဘာလမှစ၍ မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အားနည်းချက်များကြောင့် ထည့်သွင်းခြင်းခံရသည့် ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ (FATF)၏ ဆုံးရှုံးနိုင်ခြေမြင့်မားသောနိုင်ငံနှင့် ဒေသများစာရင်းမှ အမြန်ဆုံး လွတ်မြောက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး အပတ်စဉ် ပုံမှန်အစည်းအဝေးများ ပြုလုပ်၍ သက်ဆိုင်ရာဌာနအလိုက် အကောင်အထည်ဖော်ရမည့်ကိစ္စရပ်များကို အချိန်မီပြီးစီးစေရေး တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဂုန်မင်း-ဇီးချောင် ကွန်ကရစ်လမ်းခင်းကျင်းနေမှု ကွင်းဆင်းစစ်ဆေး



**ကျောင်းကုန်း ဇန်နဝါရီ ၁၀**

ဧရာဝတီ တိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ဂုန်မင်း-ဇီးချောင် ကွန်ကရစ်လမ်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေကို ယနေ့ နံနက်ပိုင်းက ပုသိမ်ခရိုင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက အရည်အသွေး ပြည့်မီစေရေး ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအား ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ရန်ပုံငွေကျပ် သန်း ၁၃၄ ဒသမ ၃၀၀ ဖြင့် Pan Capital Co.,Ltd. က တင်ဒါအောင်မြင် ဆောင်ရွက်ခြင်းဖြစ်ပြီး ဂုန်မင်း-ဇီးချောင် လမ်းသည် လမ်းအရှည် သုံးမိုင်၊ ၂ ဒသမ ၅ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ၃ ခုနှစ်လက်မ ဆောင်ရွက်သွားမည်ဖြစ်သည်။

**ကွင်းဆင်းစစ်ဆေး**

အဆိုပါ ကွန်ကရစ်လမ်း ပိုမိုခိုင်ခံ့စေရန်နှင့် လမ်းအရည်အသွေး ပြည့်မီရေးအတွက် အောက်ခံ ကျောက်ခင်းခြင်းလုပ်ငန်း စတင်ဆောင်ရွက်မှု အခြေအနေကို ပုသိမ်ခရိုင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သူမင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မူဆယ်မြို့၌ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်

**မူဆယ် ဇန်နဝါရီ ၁၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့၌ မြို့ပေါ် ရပ်ကွက်/ကျေးရွာအုပ်စုများတွင် အိမ်ထောင်စုရှိ လူဦးရေစာရင်းနှင့် မြေပြင်လူဦးရေစာရင်းများ တိကျမှန်ကန်မှုရှိစေရေး တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းကို ယနေ့နံနက်က တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်သည်။





**မှာကြား**

အဆိုပါ မြေပြင်စာရင်း ကွင်းဆင်းကောက်ယူမှုအခြေအနေအား မူဆယ်ခရိုင် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မိုးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်တာဝန်ရှိသူများက မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ပြီး စာရင်းကောက်ယူရာတွင် စာရင်းဇယား၊ ကိန်းဂဏန်းအချက်အလက်များ တိကျမှန်ကန်စွာဖြည့်သွင်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထိုသို့ကောက်ယူစစ်ဆေးခြင်းကို ဇန်နဝါရီ ၉ ရက်မှ ၃၁ ရက်အထိ တစ်အိမ်တက်ဆင်း မြေပြင်ကွင်းဆင်း အပြီးကောက်ယူသွားမည်ဖြစ်ကြောင်း သိရပြီး ကောက်ယူရေးကို လွယ်ကူလျင်မြန်စေရန် ပြည်သူများကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ချယ်ရီမြေ(မူဆယ်)**



# မိုးနဲမြို့နယ် နောင်ခမ်း အခြေခံပညာမူလတန်းကျောင်း၌ ပညာရေးစုံညီပွဲတော် ကျင်းပ

**မိုးနဲ ဇန်နဝါရီ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် နောင်ခမ်းအခြေခံပညာမူလတန်းကျောင်း၌ ၂၀၂၂-၂၀၂၃ ပညာရေးစုံညီပွဲတော်နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အမှတ်(၅၁၈) ခြေမြန်တပ်ရင်း တပ်ရေးဗိုလ်ကြီး မျိုးသက်နိုင်တို့က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ထွေးစံပယ်ဖြူက ကျောင်းဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ၊ ကျောင်းသား ကျောင်းသူများ ဘက်စုံထူးချွန်ရေးအတွက် မိမိတို့ကျောင်းရှိ ကျောင်းသားမိဘများ ပူးပေါင်းဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ပညာရည်ချွန်ဆုရရှိကြသော ကျောင်းသား ကျောင်းသူများနှင့် ၂၀၂၂-၂၀၂၃ ပညာရေးစုံညီပွဲတော်တွင် ကာယ၊ ဉာဏထူးချွန်ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ဆုများပေးအပ်ချီးမြှင့်ကြပြီး ကျောင်းသား ကျောင်းသူများက တေးသရုပ်ဖော် တိုင်းရင်းသားရိုးရာအကအလှများဖြင့် သီဆိုဖျော်ဖြေ ကပြကြကြောင်း သိရသည်။

**မျိုးညွန့်ရွှေ (မိုးနဲ)**

# အလုံမြို့နယ် အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း ပညာရေးစုံညီပွဲတော် ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုပေးပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီက အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း သဇင်ခန်းမ၌ ကျင်းပသည်။

ရေးဦးစွာ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဦးရွှေရိုး၊ ဒေါ်မိုးအကဖြင့်လည်းကောင်း၊ ကမ္ဘာ့အဆင့်မီပညာရည် သီချင်းဖြင့်လည်းကောင်း သီဆိုဖျော်ဖြေသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းထွန်းက အဖွင့်အမှာစကား ပြောကြားပြီး တာဝန်ခံ မြို့နယ်ပညာရေးမှူး ဆရာကြီး ဦးကျော်ကျော်ထိန်နှင့် မိဘဆရာအသင်း အလုပ်အမှုဆောင်နာယက ဦးအောင်စိုးတို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း၏ ကျောင်းအုပ်ဆရာမကြီး ဒေါ်သီရိဂီက ကျေးဇူးတင်စကား ပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**မောင်မောင်(လှိုင်စစ်)**



# မော်လမြိုင်မြို့နယ်အတွင်း အခြေခံလူဦးရေစာရင်းမှန်ကန်ရေး တစ်အိမ်တက်ဆင်း မြေပြင်ကွင်းဆင်းစာရင်းကောက်ယူ



**မော်လမြိုင် ဇန်နဝါရီ ၁၀**

မွန်ပြည်နယ်အတွင်း အခြေခံလူဦးရေစာရင်းများ မှန်ကန်မှုရှိစေရေးအတွက် မြို့နယ်အသီးသီးအလိုက် မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းစာရင်းကောက်ယူရေးအဖွဲ့များဖြင့် စာရင်းကောက်ယူခြင်းများ ဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ယနေ့ နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ရိုးဂိုးကျေးရွာ၌ မြေပြင်တစ်အိမ်တက်ဆင်း စာရင်းကောက်ယူရေးအဖွဲ့များ၏ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူနေမှုများကို ကြည့်ရှုစစ်ဆေး၍ ပြည်နယ်ဝန်ကြီးချုပ်က လူဦးရေစာရင်းများ တိကျမှန်ကန်မှုရှိစေရေး အထူးအလေးထားဆောင်ရွက်ရန်၊ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးလုပ်ငန်းစဉ်အား ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး ပူးပေါင်းပါဝင်လာစေရန်နှင့် သတ်မှတ်အချိန်အတွင်း အချိန်မီပြီးစီးနိုင်ရေး တစိုက်မတ်မတ်ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မော်လမြိုင်မြို့နယ် ဈေးကြိုရပ်ကွက်အတွင်း မြေပြင်ကွင်းဆင်း စာရင်းကောက်ယူနေမှုများအား ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

မွန်ပြည်နယ်အနေဖြင့် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရန် အိမ်ထောင်စုပေါင်း ၅၂၅၆၉၅ စုရှိရာ ဇန်နဝါရီ ၉ ရက်မှစတင်၍ မြေပြင်တစ်အိမ်တက်ဆင်းစာရင်းကောက်ယူရေးအဖွဲ့ ၁၀၉၃ ဖွဲ့ဖြင့် စာရင်းကောက်ယူခဲ့ပြီး ယနေ့အထိ အိမ်ထောင်စု ၁၇၀၀၀ ကျော် ကောက်ယူပြီးစီးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# ထန်းတပင်၌ အိမ်ထောင်စုလူဦးရေစာရင်း ကွင်းဆင်းကောက်ယူနေမှုများနှင့် စစ်ကြောင်းကြီးငါးကြောင်း လှုပ်ရှားဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး

**ထန်းတပင် ဇန်နဝါရီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်အတွင်း အိမ်ထောင်စုလူဦးရေစာရင်းများ တစ်အိမ်တက်ဆင်းမြေပြင်ကွင်းဆင်းကောက်ယူနေမှုအခြေအနေများနှင့် စစ်ကြောင်းကြီးငါးကြောင်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် မှော်ဘီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မှော်ဘီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မှော်ဘီခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဥမ္မာညွန့်နှင့် တာဝန်ရှိသူများ၊ ကျွဲကူးကျေးရွာအုပ်စု ရေကျော်ကုန်းကျေးရွာ အပ်ချည်မျှင်ဘုန်းတော်ကြီးကျောင်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများက စစ်ကြောင်းကြီးငါးကြောင်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံကာဆောင်ရွက်ပေးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျေးရွာနေပြည်သူများအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ပေးနေမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မှော်ဘီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မှော်ဘီခရိုင် ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူးဒေါ်ဥမ္မာညွန့်နှင့် တာဝန်ရှိသူများက ကျွဲကူးကျေးရွာအုပ်စုအတွင်း မြေပြင်တစ်အိမ်တက်ဆင်း စာရင်းကောက်ယူခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုအားပေးသည်။

ဇင်မင်းထိုက်(ထန်းတပင်)

# သာစည်မြို့နယ်၌ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူနေမှု ကွင်းဆင်းကြည့်ရှု

**သာစည် ဇန်နဝါရီ ၁၀**

မန္တလေး တိုင်းဒေသကြီး သာစည်မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်း တိကျမှန်ကန်စေရန် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူနေမှုများနှင့် အသက်ငါးနှစ်မှ ၁၂ နှစ်အတွင်း ကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုများအား ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုအားပေးခဲ့သည်။



သာစည်မြို့နယ်တွင် အိမ်ထောင်စုလူဦးရေစာရင်း တိကျမှန်ကန်စေရန်တစ်အိမ်တက်ဆင်း မြေပြင်ကွင်းဆင်းစာရင်း ကောက်ယူမှုများကို ယမန်နေ့ နံနက်က စတင်ပြီး ရပ်ကွက်/ကျေးရွာများ၌ တစ်ပြိုင်တည်းပြုလုပ်ရာ မြို့နယ်မြေပြင်ကွင်းဆင်း စာရင်းကောက်ယူကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်နှင့် ကော်မတီဝင်များ၊ တာဝန်ရှိသူများက ယင်းမာပင်ကျေးရွာ၊ ကျွဲတပ်ဆုံကျေးရွာနှင့် သုဌေးကုန်းကျေးရွာတို့တွင် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးအဖွဲ့များ လူဦးရေစာရင်း တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူနေမှုများအား လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ ဆက်လက်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများသည် ယင်းမာပင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၊ မယ်ဇလီကန်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းနှင့် သပြေဝကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တို့တွင် အသက် ငါးနှစ်မှ ၁၂ နှစ်အတွင်း ကျောင်းသားကျောင်းသူများအား ဆေးထိုးအဖွဲ့သုံးဖွဲ့ဖြင့် ကိုဗစ်-၁၉ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးလျက်ရှိရာ မယ်ဇလီကန်နှင့် ယင်းမာပင်ကျေးရွာ ဆေးထိုးစုရပ်များသို့ သွားရောက်ကြည့်ရှုအားပေးပြီး ကိုဗစ်-၁၉ ကာကွယ်ရေး နည်းလမ်းများနှင့်အညီ ထိုးနှံပေးနိုင်ရန် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ အဆိုပါ ဆေးထိုးစုရပ်များတွင် ကျောင်းသား ကျောင်းသူ ၁၃၇၅ ဦး ထိုးနှံပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မိတ္ထီလာခရိုင်အတွင်းရှိ မြို့နယ်များ၌ မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူလျက်ရှိ

**မလှိုင် ဇန်နဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်းနှင့် သာစည်မြို့နယ်တို့တွင် ဇန်နဝါရီ ၉ ရက်မှစတင်၍ အိမ်ထောင်စုလူဦးရေစာရင်း မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူခဲ့ကြောင်း သိရသည်။

မိတ္ထီလာခရိုင်အား မြို့နယ်လေးမြို့နယ်၊ ရပ်ကွက် ၃၁ ရပ်ကွက်၊



ကျေးရွာအုပ်စု ၂၅၉ အုပ်စု၊ ကျေးရွာ ၁၀၉၄ ရွာဖြင့် ဖွဲ့စည်းထားရှိပြီး လူဝင်မှုကြီးကြပ် ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ eID Software Server အတွင်း တွင် အိမ်ထောင်စုပေါင်း ၂၅၇၈၈၁ စု၊ လူဦးရေပေါင်း ၉၆၁၇၉၇ ဦးထည့်သွင်းပြီးနောက် Printout ထုတ်ထားသောအိမ်ထောင်စုလူဦးရေ စာရင်းပုံစံ ၆၆/၆ နှင့်ပြည်သူ့လက်ဝယ်ရှိ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ ၆၆/၆ တို့ဖြင့်မြေပြင်တွင်အမှန်တကယ်နေထိုင်လျက်ရှိသောလူဦးရေနှင့်လူပုဂ္ဂိုလ်ဆိုင်ရာအချက်အလက်များကို မှန်ကန်မှုရှိစေရေးအတွက် ခရိုင် Working Group ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦး ဦးဆောင်၍ မြို့နယ် Working Group ဥက္ကဋ္ဌများဖြစ်ကြသော မိတ္ထီလာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေး၊ မလှိုင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်၊ ဝမ်းတွင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြတ်သိန်းနှင့် သာစည်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်တို့သည် သတ်မှတ်ကာလအတွင်း ဆောလျင်စွာပြီးစီးနိုင်ရေးအတွက် မြေပြင်တစ်အိမ်တက် ဆင်းစာရင်းကောက်ယူရေးအဖွဲ့များနှင့်အတူ လိုက်လံကြည့်ရှုစစ်ဆေးဆောင်ရွက်ခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

မြထွန်း(မလှိုင်)



# တောင်ကြီးမြို့နယ် ကျေးရွာနှစ်ရွာ၌ VDP စီမံကိန်းဖြင့် ဘက်စုံသုံးခန်းမ တည်ဆောက်နေမှုစစ်ဆေး

**တောင်ကြီး ဇန်နဝါရီ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ဖြင့် ကောင်းမှုစဉ်ကျေးရွာနှင့် နောင်ချိုကျေးရွာတို့တွင် ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်နေမှုအခြေအနေများကို ယမန်နေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများက အဆိုပါကျေးရွာသို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်း၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာ ဝန်ထမ်းများသည် ကောင်းမှုစဉ်ကျေးရွာနှင့် နောင်ချိုကျေးရွာတို့တွင် အလျား ပေ ၄၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေရှိကျေးရွာဘက်စုံသုံးခန်းမဆောင်များ တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ကောင်းမှုစဉ်ကျေးရွာနှင့် နောင်ချိုကျေးရွာတို့တွင် အဆိုပါ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် သန်း ၂၀၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ် ၁၂ ဒသမ ၄၄ သန်း၊ ကျေးရွာလူထုလုပ်အားများ၊ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လ ဒုတိယအပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းအားလုံး၏ ၇၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

၂၂

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး မြေပြင်တစ်အိမ်တက်ဆင်း စာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**ဘားအံ ဇန်နဝါရီ ၁၀**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစိုးလွင်နှင့် ခရိုင်၊ မြို့နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဝင်များသည် ဇန်နဝါရီ ၁၀ ရက် မွန်းလွဲ ၂ နာရီခန့်က ဘားအံမြို့နယ် အမှတ်(၆)နှင့် အမှတ်(၇) ရပ်ကွက်အတွင်း မြေပြင်တစ်အိမ်တက် ဆင်းစာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ကရင်ပြည်နယ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး၊ အခြေခံမဲဆန္ဒရှင်စာရင်းနှင့် မဲစာရင်းရလဒ်များ မှန်ကန်စေရေးအတွက် အဆင့်(၅)ဆင့်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အဆင့်(၁)နှင့်(၂)ကို ပြည်နယ်အတွင်း ဆောင်ရွက်ပြီးဖြစ်သည့်အတွက် အဆင့်(၃)အနေဖြင့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)ရှိ လူဦးရေအချက်အလက်များနှင့် မြေပြင်တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းကို ဆောင်ရွက်နေခြင်းဖြစ်သည်။ ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်တွင် မြေပြင်တစ်အိမ်တက်ဆင်းစာရင်းကောက်ယူခြင်းလုပ်ငန်းကို ဇန်နဝါရီ ၉ ရက်တွင် စတင်ဆောင်ရွက်လျက်ရှိသည်။

**စာရင်းကောက်ယူရေးအဖွဲ့ ၇၁၂ ဖွဲ့**

ပြည်နယ်အတွင်း မြေပြင်တစ်အိမ်တက်ဆင်းကွင်းဆင်းကောက်ယူရေးအဖွဲ့(Working Group) များကို တစ်ဖွဲ့လျှင် ငါးဦးနှုန်းဖြင့် စာရင်းကောက်ယူရေးအဖွဲ့ ၇၁၂ ဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး သင်တန်းများ



အဆင့်ဆင့်ပို့ချပေးခဲ့ကာ စာရင်းကောက်တစ်ဖွဲ့တစ်ရက်လျှင် အနည်းဆုံး အိမ်ထောင်စု ၂၅ စုနှုန်းဖြင့် ဇန်နဝါရီ ၉ ရက်မှ ၃၁ ရက်အထိ (မသန်စွမ်း ငါးမျိုးစာရင်းအပါအဝင်) မြေပြင်ကွင်းဆင်းစာရင်းကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# မိုးညိုမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်း တိုက်ဆိုင်စစ်ဆေးမှုလုပ်ငန်းများ ဆောင်ရွက်



**မိုးညို ဇန်နဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာအုပ်စုများတွင် အိမ်ထောင်စုရှိလူဦးရေစာရင်းနှင့် မြေပြင်ရှိလူဦးရေစာရင်းများ တိကျမှန်ကန်မှုရှိစေရေးအတွက် တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းကို ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ လမ်းညွှန်မှုဖြင့် မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများက မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးအဖွဲ့များကို အိမ်ထောင်စုလူဦးရေစာရင်းများကောက်ယူရာတွင် တိကျမှန်မှုရှိစေရေးအတွက် ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပြီး မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးအဖွဲ့တွင် ပါဝင်သော လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များက အိမ်ထောင်စုလူဦးရေစာရင်းနှင့် မြေပြင်ရှိလူဦးရေစာရင်းများ တိကျမှန်ကန်မှုရှိစေရေးအတွက် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခြင်းကို အုပ်စုအလိုက်အဖွဲ့များခွဲ၍ ဆောင်ရွက်လျက်ရှိရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ကိုမင်း(ပြန်/ဆက်)**

# အင်းစိန်မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းများ မြေပြင်ကွင်းဆင်းကောက်ယူရေး ဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်အတွင်း ရပ်ကွက်ပေါင်း ၂၁ ရပ်ကွက်ရှိ စာရင်းကောက်ယူရေးအဖွဲ့များက ကောက်ကွက်များအလိုက် တစ်ပြိုင်တည်း မြို့နယ်၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရပ်ကွက်စာရေးများ၊ ရာအိမ်မှူးများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် တာဝန်ရှိသူများက လူနေအိမ်များအတွင်း အမှန်တကယ်နေထိုင်သော လူဦးရေစာရင်းကောက်ယူခြင်းများကို သတ်မှတ်စာရင်းပုံစံများဖြင့် လိုက်လံကောက်ယူလျက်ရှိရာ ယနေ့နံနက် ၁၁ နာရီတွင် အင်းစိန်မြို့နယ် မြို့သစ် (က-ခ)ရပ်ကွက်၊ (က/၅)လမ်း၌ တစ်အိမ်တက်ဆင်း ကောက်ယူဆောင်ရွက်မှုကို ခရိုင်မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသန့်ဇင်နှင့် အဖွဲ့ဝင်များ၊ အတွင်းရေးမှူး (ခရိုင်လဝကဦးစီးမှူး)၊ မြို့နယ်မြေပြင်ကွင်းဆင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစိုးမင်းထွဋ်နှင့် အဖွဲ့ဝင်များ၊ အတွင်းရေးမှူး (လဝကဦးစီးမှူး)ပါဝင်သော အဖွဲ့တို့ဖြင့် စာရင်းကောက်ယူရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးနှင့် စာရင်းများ မှန်ကန်မှုရှိစေရေးအတွက် ကွင်းဆင်းကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြင့်ဦး**



# စဉ့်ကူးမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်း မှန်ကန်စေရေး မြေပြင်ကွင်းဆင်းကောက်ယူ

**စဉ့်ကူး ဇန်နဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်တွင် နိုင်ငံသားများ၏ ကိုယ်ရေး အချက်အလက်နှင့် အိမ်ထောင်စု လူဦးရေစာရင်း မှန်ကန်စေရေး တစ်အိမ်တက်ဆင်း မြေပြင်ကွင်းဆင်းကောက်ယူခြင်းလုပ်ငန်းများကို စဉ့်ကူးမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် ဇန်နဝါရီ ၉ ရက်မှစ၍ စတင်ဆောင်ရွက်လျက်ရှိသည်။



**လိုက်လံကြည့်ရှု**

ထိုသို့ ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ရပ်/ကျေးစာရေးများ၊ ရာအိမ်မှူးနှင့် ဆယ်အိမ်မှူးများ ပါဝင်သော မြေပြင် တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူရေး အဖွဲ့သည် အိမ်ထောင်စုလူဦးရေစာရင်းမှန်ကန်စေရေး တစ်အိမ်တက်ဆင်း တိုက်ဆိုင်စစ်ဆေး စာရင်း ကောက်ယူလျက်ရှိရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြတ်တင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းကျော်နိုင်နှင့် အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်ဝင်းမြင့်နှင့် မြို့နယ်ဦးစီးမှူး ဦးရွှေဝင်းတို့က လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြသည်။

ထိုသို့ မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူခြင်း လုပ်ငန်းများကို ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်အထိ အပြီးသတ်ကောက်ယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဇိနမာရ်အောင်စေတီတော်မြတ်၊ (၂၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ဇိနမာရ်အောင်စေတီတော်မြတ်၏ (၂၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကို ဇန်နဝါရီ ၁၁ ရက် ညနေ ၃ နာရီခွဲတွင် သာကေတမြို့နယ်ရှိ ဇိနမာရ်အောင်စေတီတော်မြတ် ဝိမုတ္တိရသဓမ္မဗိမာန်တော်၌ ကျင်းပမည်ဖြစ်ပြီး အဆိုပါ ဗုဒ္ဓပူဇနိယပွဲတော်၌ သံဃာတော် ၂၇၅ ပါး နှင့် သီလရှင် ၃၅ ပါးတို့အား ဆွမ်းဆန်စိမ်း လောင်းလှူပွဲ ကျင်းပမည်ဖြစ်ပါ၍ ကြည်ညိုသဒ္ဓါပွားများ လောင်းလှူနိုင်ကြောင်း သိရသည်။ **ကိုသီ**

# ငွေဆောင်မြို့၌ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုလျှော့ချနိုင်ရေး ဓာတ်အားလိုင်းများ တိုးမြှင့်တည်ဆောက်

**ငွေဆောင် ဇန်နဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့တွင် ပြည်သူများလျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေး၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု လျှော့ချနိုင်ရေးနှင့် တရားမဝင်သုံးစွဲမှုများမရှိစေရေးတို့အတွက် ငွေဆောင်မြို့ လျှပ်စစ်ဦးစီးဌာနဦးစီးမှူး ဦးစောထွန်းဦးနှင့် ဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်များတွင် မီတာစစ်ဆေးခြင်း၊ လိုင်းနှင့်နီးစပ်သော သစ်ပင်သစ်ကိုင်းများ ရှင်းလင်းခြင်း၊ ဗို့အားကောင်းသော လိုင်းကြိုးများလဲလှယ်ခြင်းနှင့် ထရန်စဖော်မာများ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ငွေဆောင်မြို့ပေါ်ရှိ အမှတ်(၁)၊ (၂)နှင့် (၃)ရပ်ကွက်တို့၌ ၁၁ ကေဗွီလိုင်းကြိုးဟောင်း ၃ ဒသမ ၅ မိုင်အား Insulated Cable များဖြင့် လဲလှယ်ခြင်း၊ ၄၀၀ ဗို့ဓာတ်အားလိုင်း ၁ ဒသမ ၅ မိုင် တိုးချဲ့တည်ဆောက်ခြင်းနှင့် ၁၁/၀.၄ ကေဗွီ၊ ၂၀၀ ကေဗွီထရန်စဖော်မာသုံးလုံး တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများအား ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် တင်ဒါအောင်မြင်သော သက်ဆိုင်ရာကုမ္ပဏီများမှ လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ၇၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ဓာတ်ခွဲနမူနာစုစုပေါင်း ၄၅၉၆ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၀-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၉-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၀-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၅၉၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၈၅၈,၂၁၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၃,၇၂၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၁၆၅*) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် –

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုပ်ပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မှတ်ချက် (*) ပြန်လည်စိစစ်ချက်များအရ (၂၀၂၂) ခုနှစ်အတွင်း ပုဂ္ဂလိကဆေးရုံများနှင့် နေအိမ်တွင် သီးခြားထားရှိသူများအနက်မှ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅,၈၀၀) ဦးအား ထည့်သွင်းဖော်ပြထားခြင်းဖြစ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**



## သီပေါ၌ အခမဲ့မျက်စိကုသပေး

**သီပေါ ဇန်နဝါရီ ၁၀**

သီပေါမြို့ မဟာမြတ်မုနိဘုရားကြီးပရိဝုဏ်အတွင်းရှိ သီပေါသီတဂူအခမဲ့စက္ခုဒါနဆေးရုံ၏အကြိမ် (၅၀) မြောက် ရွှေရတုအထိမ်းအမှတ် အခမဲ့မျက်စိကုသမှုအစီအစဉ်တွင် ဇန်နဝါရီ ၉ ရက်က ခွဲစိတ်ကုသပေးသောမျက်စိလူနာပေါင်း ၃၈ ဦးရှိပြီး ခုနစ်ရက်ပေါင်း စမ်းသပ်စစ်ဆေးမျက်စိလူနာပေါင်း ၁၁၉၉ ဦးနှင့် ခွဲစိတ်ကုသပေးခဲ့သော မျက်စိလူနာပေါင်း ၅၁၈ ဦးရှိကြောင်း နာယကဆရာတော်ဘဒ္ဒန္တပညာသီရိထံမှ သိရသည်။

အဆိုပါ အကြိမ် (၅၀) မြောက် ရွှေရတုမျက်စိကုသမှုအစီအစဉ်တွင် အသက် ၉၂ နှစ်အရွယ် အဘွားတစ်ဦးအပါအဝင် ရပ်နီးရပ်ဝေးမှ မျက်စိဝေဒနာရှင်များ လာရောက်ပြသ၍ ကုသမှုခံယူခဲ့ကြကြောင်း သိရသည်။ ၂၁၀

## ရွှေကျင်မြို့၌ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေး

**ရွှေကျင် ဇန်နဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်တွင် ကျန်းမာရေးဦးစီးဌာနက အသက် ၅ နှစ်မှ ၁၂ နှစ်အထိ ကျောင်းသား ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး(တတိယအကြိမ်)ထိုးနှံပေးခြင်းကို ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းမှစတင်၍ ထိုးနှံပေးလျက်ရှိသည်။

အခြေခံပညာကျောင်းများတွင် ကာကွယ်ဆေးထိုးနှံပေးခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမင်းသူ၏ ကြီးကြပ်မှုဖြင့် ခုတင်(၁၀၀) ဆံ့ ဆေးရုံအုပ်ကြီး ဒေါက်တာသိန်းနိုင်လင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ ပူးပေါင်း၍ ဆေးထိုးစုရပ်နေရာများဖြစ်သည့် အခြေခံပညာကျောင်းများတွင် ကျောင်းခွဲများအလိုက် ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိသည်။ ရွှေကျင်မြို့နယ်အတွင်း ဖွင့်လှစ်လျက်ရှိသော အခြေခံပညာကျောင်းပေါင်း ၈၀ နှင့် ဘ/က လေးကျောင်း စုစုပေါင်း ၈၄ ကျောင်းမှ အသက် ၅ နှစ်မှ ၁၂ အထိ ကျောင်းသား ကျောင်းသူ ၈၆၄၅ ဦးရှိပြီး သတ်မှတ်ကာလအတွင်း ရာနှုန်းပြည့်ထိုးနှံနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



အဆိုပါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမင်းသူနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသက်နိုင်စိုး၊ ခုတင်(၁၀၀) ဆံ့ ဆေးရုံအုပ်ကြီး ဒေါက်တာသိန်းနိုင်လင်း၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးမြင့်သောင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ကူညီဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။ **ထွန်းထွန်းဇော်(ပြန်/ဆက်)**

## တွန်းဇံမြို့၌ လူဦးရေစာရင်း မြေပြင်ကွင်းဆင်း ကောက်ယူရေးလုပ်ငန်း စတင်ဆောင်ရွက်



**တွန်းဇံ ဇန်နဝါရီ ၁၀**

ချင်းပြည်နယ် တွန်းဇံမြို့၌ မြို့ပေါ်ရပ်ကွက် ခေါ်လိုင်ဂိုးဇန်နှင့် ခေါဝုန်လေးဆန်ရပ်ကွက်ရှိ လူဦးရေစာရင်းများအား မြေပြင်လူဦးရေစာရင်း တစ်အိမ်တက်ဆင်းကောက်ယူရေးလုပ်ငန်းများကို ဇန်နဝါရီ ၉ ရက် နံနက် ၉ နာရီက စတင်ကောက်ယူခဲ့သည်။

အဆိုပါ လူဦးရေစာရင်း မြေပြင်တစ်အိမ်တက်ဆင်းကောက်ယူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်ကွက်/ကျေးရွာအုပ်စုစာရေးများက အဖွဲ့ နှစ်ဖွဲ့ခွဲ၍ လူဦးရေစာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ညောင်လေးပင်မြို့နယ်၌ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တတိယအကြိမ်ထိုးနှံပေး

**ညောင်လေးပင် ဇန်နဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အသက် ၅ နှစ်မှ ၁၂ နှစ်အထိ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမှ ကာကွယ်နိုင်ရန်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ယနေ့ နံနက် ၉ နာရီမှစ၍ တတိယအကြိမ် ထိုးနှံပေးလျက်ရှိသည်။

ကာကွယ်ဆေးထိုးနှံပေးရာတွင် သတ်မှတ်အသက်နှင့်ကိုက်ညီ၍ မိဘအုပ်ထိန်းသူ သဘောတူညီသော ကျောင်းသား ကျောင်းသူများကိုသာ ထိုးနှံပေးခြင်းဖြစ်ပြီး အခြေခံပညာကျောင်းပေါင်း ၁၇၈ ကျောင်းမှ အသက် ၅ နှစ်မှ ၁၂ နှစ်အထိ ကျောင်းသား ကျောင်းသူ ၁၇၀၈၁ ဦးအား ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေး ထိုးနှံပေးခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစောကလျာနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပြီး သတ်မှတ်ကာလအတွင်း ရာနှုန်းပြည့်ထိုးနှံနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နီနီဝင်း(ပြန်/ဆက်)**

■

# လာမည့်ရွေးကောက်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ထိုင်းဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာ ညီညွတ်သောထိုင်းအမျိုးသားပါတီသို့ ဝင်ရောက်



ဗန်ကောက် ဇန်နဝါရီ ၁၀

ထိုင်းဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာသည် လာမည့်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ရည်ရွယ်ပြီး ၎င်း၏ထောက်ခံသူများ ဖွဲ့စည်းထားသည့် နိုင်ငံရေးပါတီသစ်တစ်ခုသို့ ဝင်ရောက်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အခွင့်အရေးရလာပါက နိုင်ငံအတွင်း ကြုံတွေ့နေရသည့် ပြဿနာများကို ဆက်လက်ကိုင်တွယ်ဖြေရှင်းလိုကြောင်း ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာက ယမန်နေ့တွင်ပြုလုပ်သည့် ညီညွတ်သောထိုင်းအမျိုးသားပါတီ၏ အထွေထွေညီလာခံ၌ ပြောကြားခဲ့သည်။

မေလတွင်ကျင်းပမည့်အထွေထွေရွေးကောက်ပွဲတွင် ပါတီ၏ဝန်ကြီးချုပ်လောင်းဖြစ်ရန် ရည်မှန်းထားကြောင်း ၎င်းကဆိုသည်။

တပ်မတော်အကြီးအကဲဟောင်း ပရာယွတ်ချန်အိုချာသည် ၂၀၁၄ ခုနှစ် အာဏာသိမ်းမှုကို ဦးဆောင်ခဲ့ပြီး ယာယီဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ ၎င်းသည် ၂၀၁၉ ခုနှစ် အထွေထွေရွေးကောက်ပွဲကျင်းပပြီးနောက် ဝန်ကြီးချုပ်ရာထူးကို စတင်ထမ်းဆောင်ခဲ့သည်။ ၂၀၂၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး၏ စီရင်ချက်အရ ပရာယွတ်ချန်အိုချာသည် ထပ်မံအရွေးခံရပါက ၂၀၂၅ ခုနှစ်အထိ ဝန်ကြီးချုပ်တာဝန်များကို ထမ်းဆောင်ခွင့်ရရှိမည်ဖြစ်သည်။

တစ်ဖက်ကလည်း ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ထရာ၏ ဒုတိယသမီးဖြစ်သူ ပါတွန်တန်ရှင်နာဝပ်ထရာသည် အတိုက်အခံ ထိပ်တန်းအင်အားစုဖြစ်သည့် ဖြူထိုင်းပါတီ၏ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ဝန်ကြီးချုပ်လောင်းအဖြစ် ရွေးချယ်ခံရရန် ရည်မှန်းထားကြောင်း သိရသည်။

ဖြူထိုင်းပါတီသည် ၎င်းအား တရားဝင်အမည်စာရင်းမသွင်းရသေးသော်လည်း စစ်တမ်းများအရ ဦးစားပေး ဝန်ကြီးချုပ်လောင်းများ စာရင်းတွင် ထိပ်ဆုံးမှ ရပ်တည်နေကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**

**ဘာသာပြန်- အောင်ကျော်ကျော်**

## အင်ဒိုနီးရှားနိုင်ငံ၌ ပြင်းအား ၇ ဒသမ ၅ အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခတ်

ဂျကာတာ ဇန်နဝါရီ ၁၀

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်း မာလူကူပြည်နယ်၌ ဇန်နဝါရီ ၁၀ ရက် အစောပိုင်းက ပြင်းအား ၇ ဒသမ ၅ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်ခဲ့ရာ လူနေအိမ်များနှင့် အဆောက်အအုံအများအပြား ပြိုကျပျက်စီးခဲ့ကြောင်း တာဝန်ရှိသူများနှင့် မိုးလေဝသအေဂျင်စီက ပြောကြားသည်။

ငလျင်လှုပ်ခတ်မှုကြောင့် လူနေအိမ်များနှင့် အဆောက်အအုံအချို့ အက်ကွဲခဲ့ပြီး အချို့မှာ ပြိုကျခဲ့ကြောင်း မာလူကူပြည်နယ် ကီပူလူရန် တာနမ်ဘာ



ခရိုင်ရှိ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် လျော့ပါးသက်သာရေးအေဂျင်စီ၏ စစ်ဆင်ရေးဌာနအကြီးအကဲ Doni B. Layan က ပြောကြားသည်။

ငလျင်ကြောင့် ဖြစ်ပွားခဲ့သည့် သေဆုံးမှုများနှင့် ပျက်စီးဆုံးရှုံးမှုများကို တိတိကျကျ သိရှိနိုင်ရန် အကဲဖြတ်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

လက်ရှိအချိန်အထိ အိမ်ခြေတစ်ရာကျော်နှင့် စာသင်ကျောင်း လေးကျောင်း ပျက်စီးခဲ့ပြီး လူတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ငလျင်လှုပ်ခတ်ပြီးနောက် ခရိုင်အတွင်းရှိ လူပေါင်း ၂၀၀၀ ကျော်သည် ကမ်းရိုးတန်းဒေသများမှ ထွက်ပြေးလွတ်မြောက်ခဲ့ကြောင်း တာဝန်ရှိသူများက ဆိုသည်။

ဆူနာမီဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားသည့်အတွက် ငလျင်လှုပ်ခတ်ပြီးနောက် ဒေသခံများသည်ကမ်းရိုးတန်းဒေသများကို အမြန်ဆုံးထွက်ခွာကာ ကုန်းမြင့်ဒေသများဆီသို့ ဦးတည်သွားလျက်ရှိကြောင်း ၎င်းကဆက်လက် ပြောကြားသည်။

ငလျင်လှုပ်ခတ်မှုကို အနီးနားပြည်နယ် အများအပြားတွင်လည်း ခံစားခဲ့ရကြောင်း မိုးလေဝသအေဂျင်စီက ပြောကြားခဲ့သည်။

အဆိုပါငလျင်သည် ဇန်နဝါရီ ၁၀ ရက် ဒေသစံတော်ချိန် သန်းခေါင်ယံအချိန်တွင် မာလူကူပြည်နယ် ကီပူလူရန် တာနမ်ဘာခရိုင်အနောက်မြောက်ဘက် ၁၄၈ ကီလိုမီတာအကွာကို ဗဟိုပြု၍ ပင်လယ်ကြမ်းပြင်အောက် အနက် ၁၃၁ ကီလိုမီတာတွင် လှုပ်ခတ်ခဲ့ကြောင်း မိုးလေဝသအေဂျင်စီက ပြောကြားသည်။

အဆိုပါငလျင်လှုပ်ခတ်ပြီးနောက် အားပျော့သည့်အဆင့်မှ အလယ်အလတ်အဆင့်အထိ နောက်ဆက်တွဲ ငလျင်သုံးကြိမ် လှုပ်ခတ်ခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံ၌ ငလျင်မကြာခဏ လှုပ်ခတ်လျက်ရှိသည်။ ပြီးခဲ့သည့်နိုဝင်ဘာလတွင် အနောက်ဂျာဗားကျွန်း၌ ပြင်းအား ၅ ဒသမ ၆ အဆင့်ရှိသည့် ငလျင်တစ်ခု လှုပ်ခတ်ခဲ့ရာ ဒေသခံ ၁၀၀၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရပြီး လူပေါင်း ၆၀၀ ကျော် သေဆုံးခဲ့သည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အောင်ကျော်ကျော်**

## ကင်ညာနိုင်ငံ၌ လျှပ်စစ်ဓာတ်အား ထုတ်လွှတ်မှု၏ ၈၆ ရာခိုင်နှုန်းကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှရရှိ

နိုင်ရိုဘီ ဇန်နဝါရီ ၁၀

ကင်ညာနိုင်ငံ၌ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာခဲ့ပြီးနောက် နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အားထုတ်လွှတ်မှု၏ ၈၆ ရာခိုင်နှုန်းကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ ရရှိကြောင်း ကင်ညာနိုင်ငံစွမ်းအင်နှင့် ရေနံဆိုင်ရာ အာဏာပိုင်အဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကင်ညာနိုင်ငံအတွင်း လျှပ်စစ်ဓာတ်အား ထုတ်လွှတ်မှု၏ အခြားအရင်းအမြစ်များမှာ ရေအားလျှပ်စစ်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လွှတ်ခြင်းနှင့် လေအားနှင့် ဆိုလာစွမ်းအင်သုံး၍ လျှပ်စစ်ဓာတ်အားထုတ်လွှတ်ခြင်းနည်းလမ်းတို့ကို အသုံးပြုကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်များမှစတင်၍ လျှပ်စစ်ဓာတ်အား လိုအပ်ချက်များမြင့်တက်လာခဲ့ပြီး ထိုကဲ့သို့ လျှပ်စစ်ဓာတ်အား လိုအပ်ချက်မြင့်တက်လာရခြင်းမှာ ကိုဗစ်-၁၉ ကပ်ရောဂါအပြီးကာလတွင် ကင်ညာနိုင်ငံ၌ စီးပွားရေးပြန်လည်ဦးမော့လာသောကြောင့် ဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- စိုးသူရ**

## ဂျပန်နိုင်ငံတစ်ဝန်း ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်မှုများ မြင့်တက်

တိုကျို ဇန်နဝါရီ ၁၀

ဂျပန်နိုင်ငံတစ်ဝန်း ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်မှုများကြောင့် ကြက်နှင့် အခြားငှက်ကောင်ရေ စုစုပေါင်း ၁၀ သန်းကျော်ကို သုတ်သင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံ အနောက်ပိုင်း အိုကာယာမာစီရင်စုရှိ ကူရာရှီကီမြို့၌ ကြက်ငှက်တုပ်ကွေးရောဂါကူးစက်မှုစတင်တွေ့ရှိခဲ့ပြီးနောက် နိုင်ငံအတွင်း ကြက်ငှက်တုပ်ကွေးရောဂါကူးစက်မှုများ အရှိန်မြင့်လာခဲ့သည်။

နိုင်ငံအတွင်း စီရင်စု ၂၃ ခုရှိ မွေးမြူရေးလုပ်ငန်းများ၌ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်မှုများ တွေ့ရှိရကြောင်း ဂျပန်နိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာနက ပြောကြားသည်။

ယခုနှစ် မွေးမြူရေးရာသီအစတွင် သုတ်သင်ခဲ့ရသည့် တိရစ္ဆာန်ကောင်ရေမှာ ၁၀ ဒသမ ၀၈ သန်းရှိကြောင်း သိရသည်။ ဂျပန်နိုင်ငံအတွင်း၌ ၂၀၂၀ နှင့် ၂၀၂၁ ခုနှစ် ဆောင်းဦးရာသီ ကာလအတွင်းကလည်း



တိရစ္ဆာန်ကောင်ရေ ၉ ဒသမ ၈၇ သန်းကို သုတ်သင်ခဲ့ရကြောင်း သိရသည်။

ယခုကဲ့သို့ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်မှု မြင့်တက်လာရခြင်းမှာ အခြားဒေသမှ ငှက်မျိုးစိတ်များ နိုင်ငံအတွင်းသို့ ရောက်ရှိ ရွှေ့ပြောင်းလာသောကြောင့် ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဂျပန်နိုင်ငံအတွင်းရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် မွေးမြူရေးလုပ်ငန်းများအား ပိုးသတ်ဆေးဖျန်းခြင်းကဲ့သို့သော ရောဂါကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် တာဝန်ရှိသူများက ညွှန်ကြားထားသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**

**ဘာသာပြန်- စိုးသူရ**

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၁၀**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင်FM၏ “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်မှ **“KNLA အဖွဲ့ဝင်အချို့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက Drop Bomb များ ကြဲချဖောက်ခွဲ”** ခေါင်းစဉ်ဖြင့် ၁၁-၁-၂၀၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁ နာရီတွင် **“PDF အမည်ခံအကြမ်းဖက်သမားများက ပုလဲမြို့နယ် ဇီးဖြူကုန်းကျေးရွာအတွင်းသို့ Drop Bomb များ အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ကလေးငယ် သုံးဦးအပါအဝင် အပြစ်မဲ့ပြည်သူ ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်(ကြာသပတေးနေ့) နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ်-၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



## ကျုံပျော်မြို့နယ် သောင်ရွာ - ငါးရံ့ချောင်းလမ်း ဆောင်ရွက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

**ကျုံပျော် ဇန်နဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်ရှိ သောင်ရွာ - ငါးရံ့ချောင်းလမ်း ခွဲကျောက်အမာခံခင်းခြင်း ဆောင်ရွက်ပြီးစီးမှုကို ပုသိမ်ခရိုင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်သူမင်းနှင့် တာဝန်ရှိသူများက ယနေ့တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါလမ်း (၀/ ၆.၇၅) မိုင်၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၉၀ ဒသမ ၈၉၁ သန်းဖြင့် စည်သူကျော်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ပြီး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ်တွင် ကျုံပျော်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနအနေဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွန်ကရစ်တံတားနှစ်စင်း စုစုပေါင်းအရှည်ပေ၄၅၀၊ ကွန်ကရစ်လမ်း နှစ်လမ်း (၀/ ၇.၃၄)မိုင်နှင့် ယခုကျောက်ချောလမ်းတစ်လမ်း (၀/၆.၇၅)မိုင်တို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၁၀**

ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။ **မိုး/ဇလ**

## တရားမဝင် သစ်မျိုးစုံ၊ ရေနံစိမ်း၊ စက်ဆီ / ချောဆီ၊ လူသုံးကုန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်း၊ စားသောက်ကုန်ပစ္စည်းနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၈ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ချောက်မြို့နယ်အတွင်း၌ တရားမဝင် ရေနံစိမ်း ၁၇၂ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၆၀၀၀)နှင့် အဆိုပါ ရေနံစိမ်း အိတ်များ တင်ဆောင်လာသည့် ဆိုင်ကယ်လေးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၀၀၀၀)ကို ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေအရ လည်းကောင်း၊ နတ်မောက်မြို့နယ်အတွင်း၌ Zhineng Wave 100 အမျိုးအစား လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မကွေးမြို့နယ် မကွေး-တောင်တွင်းကြီးကားလမ်း မိုင်တိုင်အမှတ် ၃၁၈/၅ နှင့် ၃၁၈/၆ အကြားတွင် မော်တော်ယာဉ်တစ်စီးပေါ်၌ တရားမဝင် ပျဉ်းကတိုးခွဲသား ၈ ဒသမ ၂၉၁၂ တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၄၅၆၀၀)နှင့် အဆိုပါ သစ်များတင်ဆောင်လာသည့် မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၇၀၀၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၁၈၁၆၀၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မူဆယ်မြို့ နမ့်အွမ်ကျေးရွာနှင့် ကောင်းခါး ကျေးရွာအကြား မိုင်တိုင်အမှတ်(၁၆၅/၁)အနီး ပြည်ထောင်စုလမ်းမကြီးတွင် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်ဘက်မှ မန္တလေးဘက်သို့ မောင်းနှင်လာသော ခရီးသည်တင်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးဆေးများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၀၇၃၄၀၀)၊ Kenbo အမျိုးအစား ဆိုင်ကယ်လေးစီးနှင့် Canda အမျိုးအစား ဆိုင်ကယ်ခြောက်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀) နှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့် မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၀၇၃၄၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ရှမ်းပြည်နယ်အတွင်း၌ သိမ်းဆည်းရမိမှုမှတ်တမ်းဓာတ်ပုံ။

ထို့ပြင် ဇန်နဝါရီ ၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်နှင့် ကွဲလွဲပါရှိလာသော Balmerol အမှတ်တံဆိပ် စက်ဆီ/ချောဆီ (၂၀၀၀) ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၉၃၉၂၀)ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(ကုန်လှောင်ရုံ)၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်နှင့် ကွဲလွဲပါရှိလာသော အထည်အလိပ်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၅၈၇၈၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၅၂၇၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီးသစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း တရားမဝင်သစ်မျိုးစုံ ၄၉ ဒသမ ၉၉၇၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၅၁၄၆၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇန်နဝါရီ ၈ ရက် နှင့် ၉ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၅၅၉၁၆၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင်

**နေပြည်တော် ဇန်နဝါရီ ၁၀**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂ ရက်မှ ၈ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၉၉ ဒသမ၂၅၈၀ တန်၊ သစ်မာ ၇၁ ဒသမ ၅၈၈၄ တန်၊ အခြား ၂၄ ဒသမ ၀၄၈၉ တန် စုစုပေါင်း ၁၉၄ ဒသမ ၈၉၅၃ တန်၊ ယာဉ်/ ယန္တရား ၂၃ စီး၊ တရားခံ ၁၈ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**



# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့တွင် ချီးမြှင့်ခဲ့ပြီးဖြစ်သည့် ဂုဏ်ထူးဆောင်ဘွဲ့များအား အဝေးရောက်လက်ခံယူသည့် ကာယကံရှင်၊ မိသားစုဝင်များထံသို့ လက်ရောက်ပေးအပ်

**မန္တလေး ဇန်နဝါရီ ၁၀**

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်နှင့် ၂ ရက်တို့တွင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားများကို အောင်မြင်စွာကျင်းပကာ အခမ်းအနား တက်ရောက်လာသည့် ဘွဲ့ခံပုဂ္ဂိုလ်များထံ ရရှိသည့် ဂုဏ်ထူးဆောင်ဘွဲ့များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ကိုယ်တိုင်တစ်ဦးချင်း လက်ရောက်ချီးမြှင့်အပ်နှင်းခဲ့ပြီးဖြစ်သည်။

အဆိုပါ ဂုဏ်ထူးဆောင်ဘွဲ့များအပ်နှင်းခြင်း အခမ်းအနားသို့ အကြောင်းအမျိုးမျိုးကြောင့် ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားသော်လည်းကောင်း တက်ရောက်ရယူနိုင်ခဲ့ခြင်းမရှိဘဲ အဝေးရောက်လက်ခံယူမည့် ဘွဲ့ခံပုဂ္ဂိုလ်များရှိခဲ့ပြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျန်းမာရေးအခြေအနေအရ အဝေးရောက်လက်ခံယူသည့် ဘွဲ့ခံပုဂ္ဂိုလ်များထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား မန္တလေးတိုင်းဒေသကြီး



ဝန်ကြီးချုပ် ဝဏ္ဏကျော်ထင် သီရိပျံ့ချီဦးမောင်ကိုနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ဖေယျကျော်ထင် ကိုကိုဦးတို့က ဂုဏ်ထူးဆောင်ဘွဲ့များအား အဝေးရောက်လက်ခံယူသည့် ပုဂ္ဂိုလ်များရှိရာနေရာများသို့ ယနေ့မွန်းလွဲပိုင်းက သွားရောက်ပြီး ကာယကံရှင်၊ မိသားစုဝင်များထံသို့ လက်ရောက်ပေးအပ်ခဲ့သည်။

ထိုသို့ ပေးအပ်ရာတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဝဏ္ဏကျော်ထင် သီရိပျံ့ချီ ဦးမောင်ကိုက သတိုးမဟာသရေစည်သူဘွဲ့ရရှိသူ နိုင်ငံတော်ဝန်ကြီးချုပ်(ငြိမ်း) ဦးမောင်မောင်ခ(ကိုယ်စား) ဇနီးမဖြစ်သူ ဒေါ်လွင်လွင်မြင့်ထံသို့ လည်းကောင်း၊(ဝဲပုံ)၊ သီရိပျံ့ချီဘွဲ့ရရှိသူ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ(ငြိမ်း) အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဗျူဟာမှူး ဗိုလ်မှူးကြီးလှငွေ (ကိုယ်စား) ဇနီးဖြစ်သူ ဒေါ်သိန်းသိန်းထံသို့လည်းကောင်း၊ အလင်္ကာကျော်စွာဘွဲ့ရရှိသူ စာရေးဆရာဦးကိုလေး(ကိုလေးအင်းဝဂုဏ်ရည်) ထံသို့လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဖေယျကျော်ထင်ကိုကိုဦးက ဖေယျကျော်ထင်ဘွဲ့ရရှိသူ စစ်ဥပဒေချုပ်(ငြိမ်း) ဗိုလ်ချုပ်သန်းဦး (ကိုယ်စား) ဇနီးဖြစ်သူ ဒေါ်မြင့်သန်းထံသို့လည်းကောင်း၊ သီရိပျံ့ချီဘွဲ့ရရှိသူ ကရင်ရေးရာဝန်ကြီးမန်းဘဆိုင်(ကိုယ်စား)သားဖြစ်သူ မန်းဖုန်းဆိုင်ထံသို့ လည်းကောင်း လက်ရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

**❍ ကျောဖုံးမှ**

ထိုင်းအသင်းသည် ဗိုလ်လုပွဲတက်ရောက်ရန်အတွက် နောက်ထပ်သွင်းဂိုးများ လိုအပ်နေသဖြင့် ဒုတိယပိုင်းတွင်လည်း တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၅၅ မိနစ်တွင် ဖာလာက ဒုတိယဂိုး၊ ၇၁ မိနစ်တွင် အဒီဆတ်ခ်က တတိယဂိုး သွင်းယူခဲ့သည်။

ဗိုလ်လုပွဲတွင် ဗီယက်နမ်နှင့် လက်ရှိချန်ပီယံ ထိုင်းအသင်း တွေ့ဆုံနေပြီး ဇန်နဝါရီ ၁၃၊ ၁၆ ရက်တွင် အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့ကစားမည်ဖြစ်သည်။ **သတင်း-ကိုညီလေး၊ ဓာတ်ပုံ-FAT**

---

**❒ ရန်ကုန်အသင်းမှ**

ကစားခဲ့သူဖြစ်ပြီး သွင်းဂိုးအများဆုံးဆု ရရှိခဲ့သူလည်းဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် လာမည့်ရာသီတွင် ပြည်တွင်းပြိုင်ပွဲများအပြင် AFC Cup ပြိုင်ပွဲလည်း တစ်ကျော့ပြန်ယှဉ်ပြိုင်ခွင့်ရထားသဖြင့် လိုအပ်သည့်နေရာများ အင်အားဖြည့်တင်းနေခြင်းဖြစ်သည်။ ရန်ကုန်အသင်းသည် ဒုတိယမြောက်ကစားသမားခေါ်ယူမှုအဖြစ် ဂီနီတိုက်စစ်မှူး ဆယ်လာကို တစ်ရာသီစာချုပ်ဖြင့် ခေါ်ယူခဲ့သည်။ ဆယ်လာသည် ၂၀၁၈ နှင့် ၂၀၁၉ ရာသီတွင် ရန်ကုန်အသင်းတွင် ပါဝင်ကစားခဲ့ပြီး တစ်ကျော့ပြန် ပြန်လည်ရောက်ရှိလာခြင်းဖြစ်သည်။

MNL အမှတ်ပေးပြိုင်ပွဲ၏ လက်ရှိချန်ပီယံအသင်းဖြစ်သည့် ရှမ်းယူနိုက်တက်အသင်းသည် ရာသီသစ်အတွက် ဒုတိယမြောက် ကစားသမားခေါ်ယူမှုအဖြစ် အား/ကာသိပ္ပံအသင်းမှ မြန်မာ့လက်ရွေးစင် ကွင်းလယ်တိုက်စစ်ကစားသမား လင်းထက်စိုးကို ခေါ်ယူလိုက်ပြီဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ဝါရင့်တိုက်စစ်မှူး ကျော်ကိုကို ကို ခေါ်ယူပြီးနောက် ဒုတိယမြောက်ခေါ်ယူမှုအဖြစ် လင်းထက်စိုးကို ခေါ်ယူခဲ့ခြင်းဖြစ်သည်။ လင်းထက်စိုးသည် 2022 AFF Cup ပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် မြန်မာ့လက်ရွေးစင်အသင်းတွင် ရွေးချယ်ခံခဲ့ရသူဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် လက်ရှိအချိန်တွင် ကျော်ကိုကိုနှင့် လင်းထက်စိုးတို့ကို ခေါ်ယူထားပြီး ကစားသမားသစ်များ ထပ်မံခေါ်ယူမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-YUFC**

---

## ဖလမ်းမြို့၌ တစ်အိမ်တက်ဆင်း မြေပြင်ကွင်းဆင်းစာရင်း ကောက်ယူလျက်ရှိ

**ဖလမ်း ဇန်နဝါရီ ၁၀**

ချင်းပြည်နယ် ဖလမ်းမြို့၌ တစ်အိမ်တက်ဆင်း မြေပြင်ကွင်းဆင်းစာရင်း ကောက်ယူခြင်းလုပ်ငန်းကို ဇန်နဝါရီ ၉ ရက်က ဖလမ်းမြို့ ဖာရ်ထောက်ရပ်ကွက်တွင် စတင်ကောက်ယူလျက်ရှိကြောင်း သိရသည်။



အဆိုပါ တစ်အိမ်တက်ဆင်း မြေပြင်စာရင်းကောက်ယူခြင်းကို မြို့နယ်အဆင့် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ဆင့်ပွားသင်တန်းတက်ရောက်ပြီးသူများက အဖွဲ့ခုနစ်ဖွဲ့ခွဲ၍ စာရင်းကောက်ယူလျက်ရှိသည်။

တစ်အိမ်တက်ဆင်း မြေပြင်စာရင်းကောက်ယူနေမှု အခြေအနေများကို ဖလမ်းခရိုင် မြေပြင်ကွင်းဆင်းစာရင်း ကောက်ယူရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်း၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ဝင်းဇော်လတ်၊ ခရိုင်လဝကဦးစီးမှူးဦးရေချမ်း၊ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် မြေပြင်စာရင်း ကောက်ယူရေး အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မြေပြင်ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ရဲမြင့်အောင်**

■



မရမ်းကုန်းမြို့နယ်၌ အခြေခံစားသောက်ကုန်ပစ္စည်းများကို ရောင်းချပေးစဉ်။

## ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချ

**နေပြည်တော် ဇန်နဝါရီ ၁၀**

ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေး၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားသောက်ရေး အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ မြို့နယ်အသီးသီး၌ နယ်မြေခံတပ်မတော်သားများက တန်ဖိုးသင့်ထမင်းဟင်းများ၊ ဟင်းသီးဟင်းရွက်များနှင့် တပ်မတော်စက်ရုံထုတ် အသား၊ ငါးဘူးများနှင့် စားသောက်ကုန်ပစ္စည်းများကို ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် ငါးမြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ်လေးမြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နှင့် ကော့သောင်းမြို့၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် အမ်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၂ မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိမြို့နယ် လေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့တို့၌ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကစ်နှင့် စည်သွတ်ဘူးများစသည့် စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

**❖ ပါရီအိုလံပစ်မှ**

ကာဂျစ္စတန်၊ ဟောင်ကောင်၊ မွန်ဂိုလီးယား၊ Pot-3 တွင် စင်ကာပူ၊ လက်ဘနွန်၊ တာဂျစ်ကစ္စတန်၊ တီမော၊ ပါလက်စတိုင်း၊ တ္ခလ်မင်နစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ Pot-4 တွင် ဘူတန်၊ သီရိလင်္ကာ၊ မော်လ်ဒိုက်၊ အာဖဂန်နစ္စတန်၊ ပါကစ္စတန်အသင်းတို့ ပါဝင်နေသည်။ ပထမအဆင့်ခြေစစ်ပွဲကို အုပ်စုခုနစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးအသင်းများသာ ဒုတိယအဆင့်ခြေစစ်ပွဲ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ဒုတိယအဆင့် ခြေစစ်ပွဲတွင် ပထမအဆင့်မှ တက်ရောက်လာသည့် ခုနစ်သင်းနှင့် တိုက်ရိုက်ကစားခွင့်ရသည့် ဂျပန်၊ မြောက်ကိုရီးယား၊ သြစတြေးလျ၊ တရုတ်၊ တောင်ကိုရီးယား စုစုပေါင်း ၁၂ သင်း ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပထမအဆင့် ခြေစစ်ပွဲကို ဧပြီ ၃ ရက်မှ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် လာမည့်နှစ်တွင်ယှဉ်ပြိုင်ရမည့် အိုလံပစ်ခြေစစ်ပွဲ အပါအဝင် နိုင်ငံတကာပြိုင်ပွဲများအတွက် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလကတည်းက လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းက ကိုင်တွယ်လျက်ရှိသည်။ **ကိုညီလေး**

---

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍**
**အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

## ပြည်ထဲရေးဝန်ကြီးဌာနမိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၁၀

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ ရတနာပုံတောရကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာပညာရေးစင်တာ(IBEC)၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ရွှေဟင်္သာတောရကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ကျော်အောင်စံထားကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဇေယျာမြိုင်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ ဒဂုံပရိယတ္တိစာသင်တိုက်နှင့် သာကေတမြို့နယ်ရှိ သာသနာ့ဟိတပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ သီရိနော်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ အောင်မြေရတနာပရိယတ္တိစာသင်တိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ ရှမ်းစုဆီးဘန်နီကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ဥဩသာကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ သာသနာ့ရံသီပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ ဓမ္မသိပ္ပံပရိယတ္တိစာသင်တိုက်နှင့် ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ ပန်အုပ်ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းရှိ နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး တာဝန်များထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များကို စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်



နေပြည်တော် ဇန်နဝါရီ ၁၀

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းရှိ နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး တာဝန်များ ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များကို စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် နယ်မြေခံတပ်ရင်းခန်းမ အသီးသီး၌ ပြုလုပ်ရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦးနှင့် အဖွဲ့ဝင်များ၊ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၏ တင်ပြချက်များကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကာ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇန်နဝါရီ ၁၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် မကျီးတန်းအရှေ့မြောက်ရပ်ကွက်နေ သန္တာအောင်(ခ)ဝဏ္ဏလှိုင်သည် ၎င်းအသုံးပြုသည့် “@thandaraung ၈၁၆” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၁-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၉၀ | ၂၀၄၀ | ၂၀၃၅ | ၂၀၀၀ | ၂၀၃၅ | ၂၀၆၀ | ၂၀၄၅ | ၂၀၂၅ | ၂၁၁၅ | ၂၁၃၅ | ၂၀၃၀ | ၂၀၄၀ | ၂၀၇၅ | ၂၀၇၅ | ၂၀၇၅ | ၂၂၉၅ | ၂၇၆၀ |
| 95 Ron | ၂၀၆၀ | ၂၁၀၅ | ၂၁၀၀ | ၂၀၆၅ | ၂၁၀၅ | ၂၁၂၅ | ၂၁၁၀ | ၂၀၉၀ | ၂၁၈၅ | ၂၂၀၀ | ၂၀၉၅ | ၂၁၁၀ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၀ | ၂၃၆၀ | ၂၈၄၀ |
| HSD (500 ppm) | ၂၂၄၅ | ၂၂၉၅ | ၂၂၉၀ | ၂၂၅၅ | ၂၂၉၀ | ၂၃၁၅ | ၂၃၁၀ | ၂၂၇၅ | ၂၃၉၀ | ၂၃၈၅ | ၂၂၈၅ | ၂၂၉၅ | ၂၃၂၅ | ၂၃၃၀ | ၂၃၃၀ | ၂၅၅၀ | ၃၃၆၀ |
| HSD (50 ppm) | ၂၃၂၅ | ၂၃၇၅ | ၂၃၇၀ | ၂၃၃၅ | ၂၃၇၀ | ၂၃၉၅ | ၂၃၉၀ | ၂၃၅၅ | ၂၄၇၀ | ၂၄၆၅ | ၂၃၆၅ | ၂၃၇၅ | ၂၄၀၅ | ၂၄၁၀ | ၂၄၁၀ | ၂၆၃၀ | ၃၃၉၀ |
| HSD (10 ppm) | ၂၃၂၅ | ၂၃၇၅ | ၂၃၇၀ | ၂၃၃၅ | ၂၃၇၀ | ၂၃၉၅ | ၂၃၉၀ | ၂၃၅၅ | ၂၄၇၀ | ၂၄၆၅ | ၂၃၆၅ | ၂၃၇၅ | ၂၄၀၅ | ၂၄၁၀ | ၂၄၁၀ | ၂၆၃၀ | ၃၃၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၈၄ | ၁၉၅၅ |
| 95 Ron | ၁၉၅၅ | ၂၀၂၇ |
| HSD (500 ppm) | ၂၁၃၅ | ၂၂၀၇ |
| HSD (50 ppm) | ၂၂၀၈ | ၂၂၈၂ |
| HSD (10 ppm) | ၂၂၀၈ | ၂၂၈၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**၉-၁-၂၀၂၃ ရက်မှအဆက်**

"အဲဒီတုန်းမှာပဲ ဂီတပြိုင်ပွဲကြော်ငြာကိုတွေ့လို့ ရန်ကုန်ကို ဆင်းလာတာ။ အားလုံးကို အဆုံးရှုံးခံပြီးထွက်လာတဲ့ လူတစ်ယောက်ဟာ ပြိုင်ပွဲကျတော့လည်း မတရားရှုံးရတော့ ကျုပ်သည်းမခံနိုင်တော့ဘူး။ တယောကို ရိုက်ခွဲလိုက်မိတယ်။

"ဒါပေမဲ့ ခုတော့ မတရားအရှုံးပေးတဲ့ လူကြီးတွေကိုပဲ ကျေးဇူးတင်လို့ မဆုံးတော့ဘူး။ တကယ်တမ်းကျတော့ သူတို့ပြိုင်ပွဲက တံဆိပ်တွေဟာ အနုပညာကို ပြုစုတဲ့နေရာမှာ အရာမဝင်ပါဘူး။ သူတို့ဆီက ရွှေတံဆိပ်ကို ဆုံးရှုံးပေမယ့် ကိုယ့်ဘဝမှာ နောက်ထပ် မမျှော်လင့်ရဲတဲ့ 'မ' လို အဖိုးတန်မိန်းကလေးတစ်ယောက်ကို တွေ့ရတဲ့အတွက် ကြည်နူးလို့မဆုံးတော့ဘူး"

ကိုဘခက်က သူ့စကားကို အဆုံးသတ်လိုက်တော့မှလည်း 'မ' မှာ သက်ပြင်းကလေးကို အသာချလိုက်မိရင်း ကိုဘခက်ကို တအားဖက်ထားလိုက်မိတော့သည်။

ကိုဘခက် ပြောသောစကားကို နားထောင်ရသည်မှာ အလွမ်းရုပ်ရှင်ကားကောင်းတစ်ကားကို ကြည့်နေရသလို ရှိတော့သည်။ တစ်လျှောက်လုံး ရင်မနေရသည်။

ဘာများဖြစ်ဦးမလဲဆိုသည်ကို ရင်တဖိုဖို စောင့်နေရသည်။ ဇာတ်သိမ်းခန်းတွင် အရှင်ကလေးနှင့် ပေါင်း၍သိမ်းလိုက်တော့မှ စိတ်အေးရတော့သည်။

ခုလည်း ကိုဘခက်က ကြေကွဲနာကြည်းစရာကောင်းသော မြုပ်ကွက်ကလေးတစ်ကွက်ကို ကရားရေလွှတ်သလို မနားဘဲ ပြောချလိုက်သည်။

'မ' မှာ ရင်မ၍ နားထောင်နေရသည်။ နောက်ဆုံး ကိုဘခက်က သူနှင့် 'မ'တို့ ဇာတ်လမ်းဖြင့် ခပ်ရွှင်ရွှင် အဆုံးသတ်လိုက်မှ သက်သာရာရတော့သည်။

ကိုဘခက်၏စကားကို နားထောင်ရင်း 'မ' မှာ ချစ်သူ၏ပင်ပန်းမှုအတွက် အစားကူ၍ ဝမ်းနည်းကြေကွဲမိတော့သည်။ သည်တော့လည်း ဘဝတစ်လျှောက်လုံးတွင် ပင်ပန်းဆင်းရဲ ကြေကွဲနာကြည်းခဲ့ရသော ချစ်သူကို ပို၍ ယုယကြင်နာမည်ဆိုသောအသိက အလိုလို တဖွားဖွားပေါ်လာတော့သည်။

"'မ'အတွက်ကြောင့်ဖြင့် မောင့်မှာ နောက်ထပ် မဆင်းရဲစေရပါဘူးမောင်။ မောင့်အတွက်ဆိုရင်ဖြင့် အရာရာလည်း စွန့်လွှတ်ဖို့အသင့်ပါပဲ။ တွေ့သမျှ အနှောင့်အယှက် အခက်အခဲအားလုံးကို ကျော်လွှန်ဖို့အသင့်ပါပဲ။ မောင့်ဆီကို လိုက်လာကတည်းက 'မ' ရဲ့ဘဝဟာ မောင့်ယုံကြည်ချက်ကို အတူတွဲပြီးရပ်ဖို့ရယ်၊ မောင့်စိတ်ချမ်းသာမှု ကျေနပ်မှုကို ဖြည့်တင်းဖို့ရယ်ကလွဲလို့ တခြားဘာမှ မရှိပါဘူးမောင်"

ကိုဘခက်သည် မဖော်ပြနိုင်သော ကြည်နူးမှုဖြင့် 'မ' တစ်ကိုယ်လုံးကို တင်းတင်းကျပ်ကျပ်ကြီး ဖက်ထားလိုက်သည်။ ပြီးမှ သူ့စိတ်ထဲတွင်ရှိသည့်အတိုင်း လှိုက်လှဲသောအသံကြီးဖြင့် တစ်လုံးချင်း ပြောလိုက်လေတော့သည်။

"ဒီတစ်ကြိမ် 'မ'ကိုသာဆုံးရှုံးရင်တော့ ကိုယ့်ဘဝမှာ ဘာကိုမှ မျှော်မှန်းချက်မထားတော့ဘူး။ တွယ်တာစရာလည်း မရှိတော့ဘူး။ အရင်တစ်ကြိမ် ဆုံးရှုံးခဲ့တုန်းက ပတ်ဝန်းကျင်အယောင်အဆောင်အားလုံးကို စွန့်လွှတ်ခဲ့တယ်။ ခုတစ်ကြိမ်ဆုံးရှုံးရင်တော့ ကိုယ့်မှာ စွန့်လွှတ်စရာဘဝပဲရှိတော့တယ်ဆိုတာ 'မ' ယုံစေချင်တယ်"

[ ၂၅ ]

ကိုဘခက်သည် သူ့နာမည်တပ်ထားသော စာအိတ်ပေါ်မှ လက်ရေးကို မြင်လိုက်လျှင်ပင် မအံ့ဩဘဲမနေနိုင်အောင် ရှိတော့သည်။ သူ့လိပ်စာနှင့် နာမည်သစ်ကို မည်သို့မည်ပုံ သိသွားသည်ကိုလည်း စဉ်းစား၍မရအောင် ရှိတော့သည်။ စာကို မဖောက်ခင် 'မ' အရိပ်အခြည်ကို လှမ်း၍ကြည့်သည်။

'မ' သည် နောက်ဖေးချောင်တွင် အလုပ်များနေဟန်ရှိသည်။ သည်တော့မှ လည်း ကိုဘခက်သည် စိတ်အေးလက်အေးဖြင့် စာကိုဖောက်၍ဖတ်လိုက်သည်။

မောင်ဘခက်...

မင်း အိမ်ကထွက်သွားသည်မှာ တစ်နှစ်ကျော်ခဲ့ပြီ။ မင်း၏ စိတ်ဝေဒနာကို ကုစားရန် ထွက်သွားခြင်းဖြစ်၍ ဖေဖေခွင့်လွှတ်ထားခဲ့တယ်။ မင်းနဲ့ ကွဲကွာနေရသောအချိန်မှာ ကြာမြင့်လာတော့လည်း ဖေဖေ စိတ်ပူမိသည်။ မင်းလိုပင် ငါလည်း ငယ်စဉ်က တစ်ယူသန်ခဲ့ဖူးသည်။ သို့သော် မိဘဆိုသည်မှာ သားသမီးအပေါ်တွင် မပြတ်နိုင်သော သံယောဇဉ်ဖြင့် အမြဲတစေ တွယ်တာခဲ့ကြရသည်ကို မင်းကိုယ်တိုင် သားသမီးများ၏ ဖခင်ဖြစ်လာသောအခါ ကိုယ်ချင်းစာမိလိမ့်မည်။

မင်းသတင်းကို လူလွှတ်၍ စုံစမ်းခိုင်းခဲ့သည်မှာ သုံးလကျော်မျှရှိပြီ။ ယခု မင်းသတင်းကို သီချင်းစာအုပ်များမှလည်းကောင်း၊ ငါလွှတ်ထားသောလူများမှလည်းကောင်း သိရသည်။ အစဉ် မင်းအတွက် ရင်ထုမနာဖြစ်မိသည်။

မင်းအပေါ် ပတ်ဝန်းကျင်က အထင်သေးအမြင်သေးဖြင့် ပြုမူဆက်ဆံပုံကိုလည်း ခံပြင်းမိသည်။ နောက်ဆုံး မင်းလိုလားမှုအတိုင်း အောင်မြင်သည်ကို သိရ၍ အတိုင်းမသိ ဝမ်းမြောက်မိသည်။

ခုအချိန်သည် မင်းအတွက် ရှေ့ဆက်၍ အဆင်းရဲခံနေစရာမလိုသော အချိန်ဖြစ်သည်ဟုလည်း ဖေဖေထင်သည်။ အကြောင်းမှဲ့ မင်းအဆင်းရဲခံလိုသော်လည်း မင်းအပေါ်တွင် ဖြူစင်သော မေတ္တာဖြင့် အနစ်နာခံ၍နေရရှာသော မိန်းကလေးအတွက် တရားရာကျမည်ဟု မထင်။ နောင်ရလာမည့် သားသမီးများအတွက်လည်း တရားရာကျမည်မထင်။ သို့အတွက် ဖေဖေကိုယ်တိုင် ရန်ကုန်သို့ တစ်ပတ်အတွင်း လိုက်လာမည်။

မင်းအတွက်ကြောင့် မစားနိုင်၊ မအိပ်နိုင်ရှိနေရှာသော မင်းမိခင်သည် ဂုဏ်သရေရှိ ပညာတတ် ရုပ်ချော၊ သဘောထားပြည့်ဝသော ဇနီးကောင်းကို ရရှိနေသည်ဆိုသော မင်းသတင်းကိုကြား ရ၍ ဝမ်းမြောက် ရွှင်လန်းနေရှာသည်။ ကွဲကွာနေသောသားနှင့် မတွေ့ဖူးသော သမီးကို မြင်လိုသောဆန္ဒ ပြင်းပြနေကြသည်။

ဖေဖေ ရန်ကုန်ဆင်းလာလျှင် ဖေဖေနှင့်အတူ အိမ်သို့ ခေတ္တခဏဖြစ်စေ ပြန်၍လိုက်ခဲ့ကြစေလိုသည်။ နောင်အခါ ရန်ကုန်ကို ပြန်၍နေလိုလျှင် တင့်တင့်တယ်တယ် ပြည့်ပြည့်စုံစုံနှင့် နေထိုင်ရန် ဖေဖေတာဝန်ယူသည်။

သားနှင့်သမီး ကိုယ်စိတ်နှစ်ဖြာ
ကျန်းမာ ချမ်းသာကြပါစေ။
**စိန်ခက်**

ကိုဘခက်သည် စာကို ဆုံးအောင်ဖတ်ပြီးသည်အထိ မည်သို့မျှ မဆုံးဖြတ်ရသေးချေ။ သို့မဆုံးဖြတ်ရသေးသည့်တိုင်အောင် ယခုတစ်ကြိမ်တွင်မူ မိဘ၏ ဆန္ဒကို ငြင်းဆန်မသင့်ကြောင်းကိုကား စဉ်းစားမိလေသည်။

ထိုအတွင်းမှာပင် အိမ်ရှေ့မှ ကားတစ်စီး ဆိုက်သံ ကြားလိုက်ရသည်။ ရုပ်ရှင်ကုမ္ပဏီမှ ကားမှတ်၍ လမ်းဘက်သို့ လှမ်းကြည့်လိုက်၏။ ရပ်ထားသော ကားကလေးကို မြင်လိုက်ရသောအခါ ကိုဘခက်မှာ ထိတ်လန့်အံ့ဩနေမိသည်။

အိမ်ရှေ့တွင် တစ်ရိုန်ထိုးရပ်လိုက်သော ကားကလေးမှာ ဦးကျော်ဒင်၏ အိမ်မှ ကားကလေးဖြစ်နေသည်။

"ဟဲ့...မောင်အေး၊ဘာဖြစ်လာတာလဲ"

"မမလေးရော ဆရာ၊ မမလေး ဘယ်သွားလဲ"

"ရှိပါတယ်ကွ ... အထိတ်တလန့်၊ 'မ' ရေ 'မ' ... မောင်အေးလာတယ်ဟေ့"

'မ' သည် နောက်ဖေးမှ ပြန်၍ထူးရင်း ပြေးထွက်လာသည်။

"ဟင် ... မောင်အေး၊ လာထိုင်လေ၊ ဖေဖေကြီးက လွှတ်လိုက်လို့လား…"

"မထိုင်တော့ဘူး မမလေး၊ ဘဘကြီး တစ်ယောက် အသည်းအသန်ဖြစ်နေတယ်။ မော်နဲ့ ကိုခင်မောင်ကြည်တို့ အစီအစဉ်ပျက်သွားကတည်းက စိတ်ထိခိုက်ပြီးလဲတာဟာ ခုထက်ထိ မထနိုင်တော့ဘူး"

"ကိုခင်မောင်ကြည်နဲ့ မော်တို့ကိစ္စက ဘာဖြစ်လို့"

"ကိုခင်မောင်ကြည်က ပက်ဂီကြိုင်နဲ့ လက်ထပ်သွားပြီ။ ဒီသတင်းကို ဖုံးပေမယ့် နောက်ဆုံး ဘဘကြီးသိတော့ စိတ်ထိခိုက်ပြီး လဲတာပဲ။ မနေ့ညကစပြီး အတော်လေးဆိုးတယ်။ အစက မွန်ကိုယ်တိုင်ကုနေတာ။ ညကတော့ မွန့်ဆရာ ကုလားဒေါက်တာကြီးတစ်ယောက် သွားခေါ်ရတယ်"

'မ' မျက်နှာတွင် သွေးမရှိတော့ချေ။ ရင်ထဲ၌ တလှပ်လှပ်ဖြစ်လာသည်။ မျက်ရည်ကလေးများပင် လည်၍လာတော့သည်။

ကိုဘခက်က 'မ' ပခုံးကလေးကို အသာဖေး၍ ကိုင်ထားလိုက်သည်။

"ဒီလိုဆို 'မ' တစ်ခါတည်းလိုက်ခဲ့မယ်။ ကားပါတယ်မဟုတ်လား'

မောင်အေးသည် ရုတ်တရက်တော့ ဘာမျှပြန်၍မပြောနိုင်ဘဲ 'မ' ကိုသာ ကြောင်၍ ကြည့်နေမိသည်။

မောင်အေးမျက်နှာမှာ ဝမ်းနည်းသော အရိပ်အယောင်များ ပေါ်၍နေသည်။

"ကားတော့ပါတယ် အစ်မလေး၊ ဒါပေမယ့် ကားနဲ့လိုက်ရင် ကျွန်တော် အဆူခံထိနေလိမ့်မယ်။ ဘဘကြီးက အစ်မလေးကို တွေ့ချင်ပုံရတယ်။ ဒါပေမဲ့ တစ်အိမ်လုံးက အစ်မလေးကို ဘဘကြီးနဲ့ မတွေ့စေချင်ဘူး။ မေမေကြီးနဲ့ မမတို့ ခြယ်လှယ်နေကြတာပဲ"

'မ' သည် အောက်နှုတ်ခမ်း ပြတ်လုနီးပါး ကိုက်ထားလိုက်လေသည်။

ပြီးမှ အံကိုကြိတ်၍ နာကြည်းကြေကွဲသောအသံဖြင့် ညည်းလိုက်ရှာသည်။

"ဩော် ... ဒီလောက်တောင် ရက်စက်နိုင်ကြပြီကိုး။ ရှိပါစေတော့လေ... သူတို့ ဘယ်လိုပဲမတွေ့စေချင်ပေမယ့် 'မ'တော့ ကိုယ့်အဖေမို့ မတွေ့ဘဲမနေနိုင်ဘူး။ မဖြစ်ဖြစ်တဲ့နည်းနဲ့ တွေ့မှာပဲ။ မောင်အေး သွားနှင့်၊ ပြီး နောက်ဖေးပေါက်ကိုဖွင့်၊ 'မ' လာခဲ့မယ်"

"ဟုတ်ကဲ့ အစ်မလေး၊ ကျွန်တော် ဆရာကိုဘခက်အခန်းဘက်က အပေါက်ကို ဖွင့်ထားပါ့မယ်"

မောင်အေးသည် ကိုဘခက်နှင့် 'မ' ကို နှုတ်ဆက်၍ ခပ်သုတ်သုတ်ထွက်သွားလေသည်။

'မ' သည် ကိုဘခက်မျက်နှာကို အကဲခတ်သလို တစ်ချက်မျှကြည့်လိုက်သည်။

"ကဲ ... မောင်လိုက်မယ် မဟုတ်လား၊ သွားကြစို့"

"လိုက်မယ်လေ၊ မသွားလို့ ဘယ်ဖြစ်မလဲ" **ဆက်လက်ဖော်ပြပါမည်။**

ဆရာအောင်လင်း၏ "အရိုင်းစံပယ်" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

ကိုဘခက်ပြောသောစကားကို နားထောင်ရသည်မှာ အလွမ်းရုပ်ရှင် ကားကောင်းတစ်ကားကို ကြည့်နေရသလို ရှိတော့သည်။ တစ်လျှောက်လုံး ရင်မနေရသည်။ ဘာများဖြစ်ဦးမလဲဆိုသည်ကို ရင်တဖိုဖို စောင့်နေရသည်။ ဇာတ်သိမ်းခန်းတွင် အရှင်ကလေးနှင့် ပေါင်း၍သိမ်းလိုက်တော့မှ စိတ်အေးရတော့သည်။ ခုလည်း ကိုဘခက်က ကြေကွဲနာကြည်း စရာကောင်းသော မြုပ်ကွက်ကလေးတစ်ကွက်ကို ကရားရေလွှတ်သလို မနားဘဲပြောချလိုက်သည်။ 'မ' မှာ ရင်မ၍ နားထောင်နေရသည်။ နောက်ဆုံး ကိုဘခက်က သူနှင့် 'မ'တို့ဇာတ်လမ်းဖြင့် ခပ်ရွှင်ရွှင် အဆုံးသတ်လိုက်မှ သက်သာရာရတော့သည်။ ကိုဘခက်၏စကားကို နားထောင်ရင်း 'မ' မှာ ချစ်သူ၏ပင်ပန်းမှုအတွက် အစားကူ၍ ဝမ်းနည်းကြေကွဲမိတော့သည်။ သည်တော့လည်း ဘဝတစ်လျှောက်လုံးတွင် ပင်ပန်းဆင်းရဲ ကြေကွဲနာကြည်းခဲ့ရသော ချစ်သူကို ပို၍ယုယကြင်နာမည်ဆိုသောအသိက . . .

# အလှမ်းကျယ်ရင် အလယ်လပ်တတ်တယ်

ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ

"အလှမ်းကျယ်ရင် အလယ်လပ်တတ်တယ်"တဲ့ ဒီစကားကို ကြားဖူးကြသူတွေ များကြပါတယ်။ ကိုယ်တိုင်လည်း သုံးနှုန်းပြောဆိုခဲ့ကြပါတယ်။

အဓိပ္ပာယ်ကိုတော့ ပြောဆိုသူ၊ နားထောင်သူတို့ရဲ့ စွမ်းအားအပေါ်မူတည်ပြီး အမျိုးမျိုးနားလည်သဘောပေါက်နိုင်ကြပါတယ်။

ဒါပေမဲ့ တစ်လှမ်းချင်းလှမ်းပြီး ခရီးသွားကြရမယ့်သူတွေဟာ ရောက်လိုဇောနဲ့ အတင်းအဓမ္မကျော်လှမ်းသွားကြတဲ့အခါ အလယ်က နင်းစရာတွေ၊ လျှောက်လှမ်းစရာတွေကို ကျော်သွားတာပေါ့တဲ့။

အဲဒီလိုပါပဲ၊ လှေကားတစ်ထစ်ချင်းကို တက်နင်းပြီး သွားကြရမယ့်သူတွေဟာလည်း အမြင့်ကို တက်လိုဇောနဲ့ အတင်းအဓမ္မတက်လှမ်းသွားကြတဲ့အခါ အလယ်လပ်ပြီး အထက်မတက်နိုင်ဖြစ်တတ်ကြပါတယ်။

တိုးတက်အောင်မြင်မှုကို ကြိုးစားပါလျက် မရရှိသူတွေ ကြိုးစားသလောက် အဆင့်ရောက်ပြီးမှ အထက်ကို မတက်နိုင်သူတွေ၊ အခြေမခိုင်အလယ်အလတ်မှာ သောင်မတင် ရေမကျဆိုသလို အခက်အခဲကြုံသူတွေကို တွေ့ရဆုံရရင် ဒီစကားကို အမြဲပြောလေ့ရှိကြပါတယ်။

"အလှမ်းကျယ်ရင် အလယ်လပ်တတ်တယ်"တဲ့။

ဟုတ်ပါတယ်၊ ဒီစကားဟာ တကယ်ပြောပေးသင့်တဲ့စကားပါ။ တစ်ဦးနဲ့တစ်ဦး၊ တစ်ယောက်နဲ့တစ်ယောက် စေတနာ၊ မေတ္တာတွေ အမှန်တကယ်ထားပြီး သတိပေး၊ အသိပေးသင့်တဲ့စကားပါ။

ဘာဖြစ်လို့လဲဆိုတော့ စီးပွားရေးမှာပဲဖြစ်ဖြစ် ကြီးပွားရေး၊ လူမှုရေး၊ ပညာရေး စတဲ့အရေးမျိုးစုံတွေမှာပဲဖြစ်ဖြစ် လောဘသားဖြစ်ကြတဲ့ ပုထုဇဉ်တွေဟာ အဆင့်မြင့်မြင့်ကို လိုချင်ကြပါတယ်၊ ရချင်ကြပါတယ်၊ လိုချင်တဲ့ အတိုင်းလည်းမရရအောင်လုပ်ဆောင်နေကြပါတယ်၊ ဒါပေမဲ့ လိုချင်သလောက်ရတဲ့သူက အလွန်ပဲရှားပါတယ်။

အထက်ကို မှန်းလွန်းတော့၊ အမြင့်ကို ကြည့်လွန်းတော့ မရရအောင်၊ မရောက်ရောက်အောင် အတင်းအဓမ္မ တက်လှမ်းတော့ အလယ်မှာ မရပ်တည်မိဘဲ အဆင်မပြေဖြစ်ကြရတာပါ။ အခြေခံကစ၊ အလယ်မှာရပ်တည်၊ နောက်ပြီး အဆုံးထိတက်လှမ်းတယ်ဆိုရင် မပင်မပန်း သက်သောင့်သက်သာနဲ့ တက်လှမ်းနိုင်ပါလိမ့်မယ်။

တချို့တလေကတော့ ပင်ကိုစွမ်းအား၊ အခံစွမ်းအားတွေ ကောင်းလွန်းလို့ အခြေခံအစကို နင်းမိရုံပဲ ရှိသေးတယ်၊ အထက်တန်းအဆင့်ကိုတက်လှမ်းနိုင်ကြပါတယ်။ ဒီလိုလူမျိုးလည်း ရှိတတ်ပါတယ်၊ ဒါပေမဲ့ တစ်သောင်းတစ်ယောက်၊ တစ်သိန်းတစ်ယောက်ဆိုသလို ရှားလှပါတယ်။

အဲဒီလိုချက်ချင်း အခြေခံကစ အထက်ကို တစ်ခါတည်းရောက်နိုင်သူ၊ တက်လှမ်းနိုင်တဲ့အားအစွမ်းရှိသူ ဟုတ်၊ မဟုတ်ဆိုတာကိုတော့ ကိုယ့်ကိုယ်ကိုယ် ကိုယ်တိုင်ကပဲ သိသင့်ပါတယ်။

ဟုတ်တယ်လေ၊ ကြည့်ပေါ့၊ တရားရေးရာမှာ တရားအားထုတ်ရာမှာဆိုရင် ပဋ္ဌာစာရီ (ပဋ္ဌာစာရာ) ထေရီမကြီးလို၊ သန္တတိအမတ်ကြီးတို့လိုဆိုတာက ပင်ကိုစွမ်းအား၊ ပါရမီအခံစွမ်းအားတွေက ကောင်းလွန်းတော့ အခြေခံအစကို နင်းမိရုံပဲရှိသေး အထက်တန်းအဆင့်ကို တက်လှမ်းနိုင်ကြတာပေါ့။

သူတို့တစ်တွေဟာဆိုရင် ပါရမီရင့်သန်သူတွေ ဖြစ်ကြသလို ဘုရားရှင်နဲ့တွေ့၊ ဘုရားရှင်ရဲ့ မျက်မှောက်သာသနာမှာ လူဖြစ်ကြလို့ ဘယ်လောက်များ သူတော်ကောင်းအားအစွမ်းတွေ ရှိနေခဲ့ကြသလဲဆိုတာ မှန်းဆကြည့်တတ်ပါလိမ့်မယ်။

သူတို့ကို အတုယူအားကျမိတာက တစ်ပိုင်းပါ။ ကိုယ့်ရဲ့စွမ်းအားကိုလည်း ချင့်ချင့်ချိန်ချိန်ကြည့်တတ်ရမှာကလည်း တစ်ပိုင်းပါ၊ အဲဒီတော့ ကိုယ့်ရဲ့ ပါရမီတွေ၊ ကိုယ့်ရဲ့ပင်ကိုအခံစွမ်းအားတွေကိုလည်း မြင်နိုင်၊ တွေ့နိုင်လောက်ပြီပေါ့။

လှေကားထစ်တက်သလိုပါပဲ၊ ကိုယ့်မှာရှိတဲ့ အားနဲ့ ချက်ချင်းဆိုသလို အထွတ်အထိပ်ရောက်အောင် ခုန်ကျော်နိုင်ရင် ခုန်ကျော်လိုက်ပါ။ မခုန်ကျော်နိုင်သေးဘူးဆိုရင်တော့ တစ်ထစ်ချင်း၊ တစ်ထစ်ချင်းလှမ်းပြီး တက်ကြစေချင်ပါတယ်။

တစ်ထစ်ချင်းသာတက်ပါ၊ မခုန်ပါနဲ့လို့လည်း မပြောလိုပါဘူး။ ခုန်သာ မြန်မြန်ခုန်လိုက်စမ်းပါ၊ တစ်ထစ်ချင်းတက်မနေပါနဲ့လို့လည်း မတားလိုပါဘူး။

ကိုယ့်စွမ်းအားကို ကိုယ်ကြည့် ကိုယ့်အခြေအနေကို ကိုယ်သိပြီး တက်လှမ်းကြရမှာပါ။

ပြောချင်တာကတော့ ခုန်လည်းခုန်တက်ပါ။ တစ်ထစ်ချင်းလည်း အမြဲမပြတ်လှမ်းနေကြပါဆိုတာပါပဲ။ အချိန်တွေကို အလဟဿမဖြစ်စေချင်ပါဘူး၊ ခုန်လည်းခုန် လှမ်းလည်းလှမ်းကြပေါ့။

"အရှင်ဘုရား၊ ဝိပဿနာဉာဏ်ဖြစ်ဖို့က ဘယ်လောက်ကြာကြာ အားထုတ်ရပါသလဲဘုရား"

တစ်ဦးတည်းက မေးသည်မဟုတ်၊ အများက မေးကြသည့်မေးခွန်းပါ။ နေရာဒေသတိုင်းလိုလို မကြာခဏဆိုသလို အမေးခံရပါတယ်။

အခုမေးနေကြတာကလည်း သူတို့အဖွဲ့ ခုနစ်ယောက်ပါ၊ တစ်ယောက်ကသာ ဦးဆောင်ပြီး မေးတဲ့သဘောပါ။



သူတို့ဆိုတာကလည်း တရားအားထုတ် ထားကြသူတွေ၊ ယခုလည်း အားထုတ်နေသူတွေ၊ တရားအားထုတ်နည်းဆိုတာတွေကိုလည်း အမျိုးစုံအောင် သိထားကြသူတွေပါ။

"ဟ ဘာဖြစ်လို့မေးတာလဲ၊ ကိုယ်ကိုယ်တိုင် အားထုတ်နေကြတာပဲ မဟုတ်လား၊ အခုအထိ ဝိပဿနာဉာဏ်ကို မရကြသေးဘူးလား"

**(ဆက်လက်ဖော်ပြပါမည်)**

**ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ ခန့်တဲ့စိတ်နဲ့နေပွဲမယ် စာအုပ်မှ ဆရာတော်၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။**

# ပါရမီဆယ်ပါးမင်္ဂလာ

*သုတေသီ ဦးသိမ်းဇံ*

## ပညာပါရမီ

**သမင်တို့ရဲ့မာယာ**

"ကယ်ပါဦးမောင်ကြီး၊ ကယ်ပါဦး"

"ဟဲ့ ဘာဖြစ်လာတာတုံး ပြောဦးမှပေါ့"

"မောင်ကြီးတူလေး ခုချိန်ထိ ပြန်မရောက်ဘူး၊ ဘာများဖြစ်နေပြီလဲလို့၊ ကယ်ပါဦးမောင်ကြီးရယ်"

မိခင်သမင်မက သားငယ်သမင်ပျိုလေး အချိန်နှောင်းချိန်အထိ ပြန်ရောက်မလာသေးသဖြင့် ပူပန်သောကဖြစ်ကာ အစ်ကိုကြီးဖြစ်သူ ဘုရားအလောင်းတော်သမင်ကြီးထံ လာရောက်အကူအညီတောင်းခံခြင်း ဖြစ်သည်။

"စိတ်မပူပါနဲ့ နှမရေ။ မင်းရဲ့သားဟာ သမင်တို့ရဲ့မာယာကို တတ်မြောက်နေပါပြီ။ စိတ်ချယုံကြည်လောက်တဲ့ အတတ်ပညာရှိနေပါပြီ။ အန္တရာယ်ကင်းကင်းနဲ့ သူပြန်လာမှာပါ"

အစ်ကိုကြီး၏ အားပေးစကားကိုကြားရသော်လည်း မိခင်သမင်မမှာ သားဇောဖြင့် ရတက်မအေးနိုင်ဖြစ်နေရလေသည်။

"သက်ရှိလောကမှာ ကြီးနိုင်ငယ်ညှဉ်းနှိပ်စက်တာ ဓမ္မတာပဲ။ ဖားကိုမြွေကသတ်တယ်။ မြွေကို သိန်းငှက်က ဖမ်းတယ်။ သိန်းငှက်ကို မုဆိုးက သတ်တယ်။ မုဆိုးကို ကျားကကိုက်တယ်။ ကျားကို မုဆိုးက သတ်တယ်။ အဲဒီလို အနိုင်ကျင့်မှုတွေ၊ သတ်ဖြတ်မှုတွေ၊ စာနာစိတ်ကင်းမဲ့မှုတွေဟာ ဒီလောကြီးထဲမှာရှိနေတာပေါ့။ သတ္တဝါတိုင်းမှာ ဘေးအမျိုးမျိုး၊ ရန်အသွယ်သွယ်ရှိနေတယ်ဆိုတာ မှတ်ထားရမယ် ငါ့တူရဲ့"

"ဟုတ်ကဲ့ပါ၊ ဦးကြီးတော်"

"ဒါတွေကိုတွေးပြီး ကြောက်လန့်နေလို့တော့ မဖြစ်ပြန်ဘူးကွယ့်။ ရပ်တည်နိုင်အောင်တော့ ရန်သူ့အသံကို ဖမ်းယူနိုင်တဲ့ နားကို အမြဲစွင့်ထားရမယ်။ နိုးနိုးကြားကြားနေ၊ မျက်စိကိုရှင်အောင်ထား။

အထူးကြည်လင်တဲ့ မျက်လုံးဟာ လက်နက်ကောင်းပဲ။ ရန်သူကို မျက်လုံးနဲ့ကြည့်ရမယ်။ ရန်မူမယ်လို့ သိနိုင်ရင် ခြေထောက်ကိုအားပြုပြီး ဘေးလွတ်ရာကို ပြေးပေတော့၊ အဲဒါ မာယာတစ်ခုပဲ"

ဘုရားအလောင်းတော် သမင်ကြီးသည် ဖတဆိုးလေးဖြစ်နေရှာသည့် တူတော်မောင်အား သမင်တို့တတ်အပ်သည့် ပညာတစ်ရပ်ကို သင်ပြလိုက်ခြင်းဖြစ်သည်။ အရွယ်ရောက်လာပြီးကတည်းက လမ်းလျှောက်နည်း၊ ပြေးနည်း၊ ပုန်းနည်း၊ စားနည်း၊ ရေသောက်နည်း စသည်တို့ကို မသင်မနေရအဖြစ် လက်ဦးဆရာမိဘတို့က သင်ပြပေးထားမည်ဖြစ်သည်။ သို့သော် နှမတော်၏ချစ်သူ သမင်ဖိုမှာ တူတော်မောင်ကို မွေးပြီးမကြာမီမှာပင် မုဆိုး၏လက်ချက်ဖြင့် သေပွဲဝင်ခဲ့ရသည်။ ထို့ကြောင့် နှမတော်က သားငယ်ကို ပညာအရပ်ရပ်သင်ကြားပေးရန် ဦးကြီးတော်ထံသို့ ပို့ကာ အပြီးအပ်နှံထားပေသည်။

"ငါ့တူရေ၊ လောကမှာရှိတဲ့ သတ္တဝါတိုင်းဟာ မာယာအတတ်ကို တတ်မြောက်ကြရတယ်။ ဘဝရှင်သန်မှုအတွက် အဲဒါက အရေးပါတယ်ကွယ့်"

အလောင်းတော် သမင်ကြီးသည် တူတော်မောင်ကို သမင်တို့၏မာယာကို သင်ပေးခဲ့သည်မှာရက်များပင် အတန်ငယ်ကြာပြီဖြစ်သည်။ လက်တွေ့သင်ကြားမှုက အတော်ခရီးပေါက်နေကြောင်း တူတော်မောင်၏ အစွမ်းအစကို စမ်းသပ်ကြည့်ရာ စိတ်ချနိုင်လောက်သည့်အနေအထားရှိပြီဖြစ်၍ အဆုံးသတ်မှာကြားစရာရှိသည်တို့အား မှာကြားနေလေသည်။

"ဖားက တွင်းအောင်းနေတာ သူ့ရဲ့မာယာ။ မြွေက ခေါင်းကိုဝှက်ပြီး ငြိမ်သက်ခွေနေတာ သူ့မာယာပဲ။ ရေထဲမှာ ကျင်လည်ကျက်စားတဲ့ငါးက ရေကူးတတ်တာ သူ့ရဲ့မာယာပေါ့။ ဆင်က နှာမောင်းကိုသုံးပြီး အစာရှာတယ်။ ရန်သူကို အစွယ်နဲ့ ချေမှုန်းတယ်။ အဲဒါ ဆင်ရဲ့ မာယာပါပဲ။ ဒါပေမဲ့ လောကမှာ မာယာအများဆုံးတတ်တာ လူတွေပဲ တူတော်မောင်ရဲ့"

စကားအဆုံးမှာ တူတော်မောင်က စူးရှသည့် အကြည့်ဖြင့် မေးခွန်းများစွာကို မေးနေလေသည်။

"လူတွေက ထူးခြားတယ်။ ပြေးနိုင်တဲ့ခြေထောက်ရှိပေမယ့် တို့လိုလျင်လျင်မြန်မြန်မပြေးနိုင်ဘူး။ လက်ရှိပေမယ့် တို့လိုမသန်မာဘူး။ နားရှိပေမယ့် အကြားအာရုံကို တို့လောက်မခံယူနိုင်ဘူး။ ဒါပေမဲ့ လူတွေက အပြေးသန်ပါတယ်ဆိုတဲ့ ကျားသစ်ကိုလည်း ဖမ်းနိုင်တယ်။ ခွန်အားကြီးလှတဲ့ ဆင်ကြီးကိုလည်း ယဉ်ကျေးအောင်သင်ပေးပြီး ခိုင်းစားနိုင်တယ်။ ကောင်းကင်မှာပျံနေတဲ့ ငှက်ကိုလည်း မြေပေါ်ကျလာအောင် စွမ်းဆောင်နိုင်တယ်။ ဘယ်လိုသတ္တဝါမျိုးကိုမဆို အနိုင်ယူနိုင်တဲ့စွမ်းရည် လူတွေမှာရှိတယ်။ အဲဒါဟာ အသိပညာပဲ တူတော်မောင်"

"အသိပညာ ဟုတ်လား"

"ဟုတ်ပ့ါကွာ။ လူတွေဟာ မာယာလည်း တတ်တယ်။ တိရစ္ဆာန်အားလုံးရဲ့ မာယာကိုလည်း တတ်တယ်။ တို့တွေရဲ့ နေထိုင်မှုအလေ့အကျင့်တွေကိုလည်းသိတယ်။ တို့တွေရဲ့ အားနည်းချက်ကို သိထားတော့ တို့တွေကို အလွယ်တကူဖမ်းနိုင်တယ်။ ဒါကြောင့် တို့တွေရဲ့မာယာကို လူတွေကတတ်သလို လူတွေရဲ့မာယာကိုလည်း ပြန်လည်သင်ယူရမယ်။ လူတွေကို ပရိယာယ်နဲ့သိမ်းသွင်းနိုင်ရမယ်။ သမင်တို့ရဲ့မာယာသာမက လူတွေရဲ့ မာယာလည်းတတ်ပါမှ လူတွေရဲ့လက်ကလွတ်နိုင်မှာပေါ့။ အသက် ရှင်သန်ပြီး အသက်ရှည်ရှည်နေလိုရင် မာယာအတတ်ပညာကို ကုန်စင်အောင်သင်ယူတတ်မြောက်နေရမယ်"

တူတော်မောင်အား အသိပညာတို့ကို ဆက်လက်လေ့လာရန် လမ်းညွှန်ပေးပြီး လောကထဲမှာ လက်တွေ့ရှာဖွေသင်ယူရန် ဆုံးမသွန်သင်ပေးလိုက်သည်။

"ကယ်ပါဦးမောင်ကြီး၊ ကယ်ပါဦး"

"ဟဲ့ ဘာဖြစ်လာတာတုံး ပြောဦးမှပေါ့"

"မောင်ကြီးတူလေး ခုချိန်ထိ ပြန်မရောက်ဘူး၊ ဘာများဖြစ်နေပြီလဲလို့၊ ကယ်ပါဦးမောင်ကြီးရယ်"

မိခင်သမင်မက သားငယ်သမင်ပျိုလေး အချိန်နှောင်းချိန်အထိ ပြန်ရောက်မလာသေးသဖြင့် ပူပန်သောကဖြစ်လျက် အစ်ကိုကြီးဖြစ်သူ ဘုရားအလောင်းတော်သမင်ကြီးထံ လာရောက် အကူအညီတောင်းခံခြင်းဖြစ်သည်။

"စိတ်မပူပါနဲ့ နှမရေ မင်းရဲ့သားဟာ သမင်တို့ရဲ့ မာယာကို တတ်မြောက်နေပါပြီ။ စိတ်ချယုံကြည်လောက်တဲ့ အတတ်ပညာရှိနေပါပြီ။ အန္တရာယ်ကင်းကင်းနဲ့ သူပြန်လာမှာပါ"

အစ်ကိုကြီး၏ အားပေးစကားကိုကြားရသော်လည်း မိခင်သမင်မမှာ သားဇောဖြင့် ရတက်မအေးနိုင်ဖြစ်နေရလေသည်။ အလောင်းတော်သမင်ကြီးကဖြင့် သိပ်မကြောင့်ကြပေ။

သမင်ငယ်လေးမှာ မုဆိုး၏ကျော့ကွင်းအတွင်းမိကာ အမှန်တကယ်ဒုက္ခနှင့်ကြုံတွေ့နေရသည်။ ထိုအခါ ဦးကြီးတော် သမင်ကြီးသင်ကြားပေးထားသည့် မာယာတွေကို စဉ်းစားပြီး လူတို့မသိနိုင်သေးသည့် သမင်တို့၏မာယာကို ကြံဆလေသည်။ လက်နှင့်ခြေတို့ကို ဆန့်တန်းလျက်လှဲချလိုက်သည်။ လျှာကိုပါးစပ်မှ ထုတ်သည်။ ဝမ်းဗိုက်ဖောင်းလာအောင် လေကိုရှူသွင်းသည်။ ခန္ဓာကိုယ်ကို တောင့်တင်းလျက် မာအောင်ပြုလုပ်သည်။ သမင်သေတစ်ကောင်အလား သားရည်များ စီးကျစေလျက် အနံ့အသက်များထွက်ပေါ်စေသည်။ သေးနှင့်ချေးတို့ကို စွန့်ထုတ်ကာ သေးနံ့ ချေးနံ့များ ဖုံးလွှမ်းနေစေလိုက်သည်။ မျက်လုံးတွင် ယင်ကောင်များ နားနေသည်ကိုပင် သည်းခံကာ မာယာအတတ်ပညာကို အသုံးပြုလိုက်သည်။

"အလို မိထားတာ အချိန်မနည်းတော့ဘူးနဲ့တူတယ်။ အပုပ်နံ့တောင်ထွက်နေပြီပဲ။ ဒီအတိုင်း ပစ်လိုက် နှမြောစရာ ကလီစာတွေထုတ်ပစ်လိုက်ရင် အသားကကောင်းနိုင်လောက်ပါရဲ့"

မုဆိုးသည် ပြောပြောဆိုဆိုဖြင့် သေဟန်ဆောင်နေသည့် သမင်ကို ကျော့ကွင်းမှဖြုတ်လိုက်သည်။ သမင်သားထည့်ရန်အတွက် ဖက်ရွက်ရှာဖွေရန် ထွက်သွားချိန်တွင် သေဟန်ဆောင်နေသည့် သမင်ငယ်လေးက ခုန်ထထွက်ပြေးသွားလေတော့သည်။ ရန်သူ့လက်မှ လွတ်မြောက်လာသဖြင့် မိခင်သမင်နှင့် ဦးကြီးတော်တို့မှာ ဝမ်းသာပျော်ရွှင်လျက် မာယာအတတ်ပညာအစွမ်းကို ချီးမွမ်းနေလေတော့သည်။ ။

# ယဉ်ကျေးလိမ္မာအစပြု စာသင်ခန်းယဉ်ကျေးမှု(၂၁)

ဦးမင်းဟန်(ဘီအေ)

"မောင်ထူးရာ နင်ကလည်း ပြောလိုက်ရတာ ဖက်ဖက်ကိုမောနေတာပဲ။ နင့်ကြောင့်တော့ ခက်ပါတယ်"

"ဘာ၊ ဘယ်လို၊ ဆိုစမ်းပါဦး ပူစူးမရယ်။ နင်ပြောတာ ငါနားကို မလည်တော့ဘူး။ နေပါဦး ငါကကော ဘာတွေဖြစ်နေတာမို့လို့လဲ"

"မင်းတို့နှစ်ယောက်ကလည်းကွာ တွေ့လိုက်တာနဲ့ စကားနိုင်လုနေတော့တာပဲ။ တစ်ယောက်က စကားမဆုံးသေးဘူး နောက်တစ်ယောက်က ပြောချင်တာပြောနေတော့တာပဲ။ မင်းတို့စကားတွေကို ဘယ်လိုမျိုး နားထောင်ရမှာလဲ။ ရှုပ်နေတာပဲ၊ ဘာအဓိပ္ပာယ်လို့တောင် တွေးမရတော့ပါဘူးကွာ"

မောင်ထူးနှင့် ပူစူးမတို့အပြန်အလှန် စကားလုပြောနေကြသည်ကို ကိုဦးက နားမရှင်းသဖြင့် ဝင်ပြောလိုက်ခြင်း ဖြစ်သည်။ မောင်ထူးကို ပူစူးမက မျက်စောင်းထိုးလိုက်ရင်း ဆက်ပြောသည်။

"မောင်ထူး၊ နင် ငါပြောတာကို အရင်ဆုံးနားထောင်ဦး"

"ဘာကိုနားထောင်ရမှာလဲ ပြောစမ်းပါဦး၊ ပြောပါဦး"

"ခုပဲပြောနေတာပဲ ကြည့်တော့၊ င့ါစကား မဆုံးသေးဘူးလေ။ နင်ကတော့ ခက်ပါတယ်။ စကားကို ဆုံးအောင်နားထောင်ပါဦး၊ ပြီးမှ နင်ဆက်ပြောလည်းရပါတယ်။ ဘာဖြစ်လို့ စကားကို လုပြောချင်နေရတာလဲ။ ကျောင်းမှာလည်း အဲ့ဒါ နင့်ကို ဆရာမက ပြောတာ။ စကားကို ဘယ်တော့မှ ဆုံးအောင်နားမစွင့်ဘူးတဲ့။ နားစွန်နားဖျားနဲ့ မှတ်ချင်တာမှတ်ပြီး ပြောချင်တာပြောတော့တာပဲတဲ့။ င့ါကို မှာလိုက်တယ်။ မောင်ထူးကို သေချာရှင်းပြပြောလိုက်ဦးတဲ့၊ အဲဒါကို ငါပြောမလို့။ စကားစတည်နေတာကို နင်က ဖြတ်ဖြတ်ပြောနေတာကြောင့် မပြီးနိုင်မစီးနိုင်ဖြစ်ပြီး ဘယ်သူက ဘာပြောချင်မှန်းမသိဖြစ်နေရတော့တာပေါ့"

"ဩော်...ဒီလိုလား။ မသိဘူးလေ"

မောင်ထူးက ပူစူးမ၏စကားအဆုံးမှာ ခေါင်းတဆတ်ဆတ်ညိတ်ရင်း ပြန်ပြောလိုက်သည့်စကားကြောင့် ပူစူးမတစ်ယောက် ပိုမိုဒေါသထွက်လာကာ မှတ်စုစာအုပ်ဖြင့် ကောက်ပေါက်လိုက်သည်။ မောင်ထူးက ရှောင်လိုက်နိုင်သဖြင့် စာအုပ်က ကုက္ကိုပင်ကြီးအောက်သို့ လျှောက်လာနေသော ဘိုးလေးကြွက်၏ခြေထောက်အနီးသို့ ရောက်သွားတော့သည်။

"ဟဲ့ဟဲ့၊ ဘယ်လိုဖြစ်ကြတာတုံး မြေးတို့ရဲ့"

လျှောက်လာရာမှ ရပ်တန့်လိုက်ရင်း ဘိုးလေးကြွက်က ပြောလိုက်သည်။ ပူစူးမနှင့် မောင်ထူးတို့ နှုတ်ဆိတ်နေကြတော့၏။

"မောင်ထူးနဲ့ ပူစူးမတို့ စကားနိုင်လုရင်း စာအုပ်နဲ့ပစ်ပေါက်လိုက်တာပါဘိုးလေး"

ကိုဦးက ဘိုးလေးကြွက်၏ခြေထောက်နားတွင် ကျနေသည့် မှတ်စုစာအုပ်ကို ကောက်ယူလိုက်ပြီး ဘိုးလေးကြွက်၏အမေးစကားကို ပြန်လည်ဖြေပြောပြောလိုက်ခြင်းဖြစ်သည်။

"ဟေ- ဟုတ်လား။ ပြောပါဦး ပူစူးမရဲ့ ဖြစ်ရတဲ့အကြောင်း"

"ဒီလိုပါ ဘိုးလေး။ မောင်ထူးက မြေးပြောတဲ့စကားကို ဆုံးအောင်နားမထောင်ဘဲ ဖြတ်ဖြတ်ပြောနေလို့ ဖြစ်ရတာပါ"

"အဲဒီလိုစကားပြောတုန်းက ဘာမှ မဖြစ်သေးဘူးလေ"

"တွေ့လားဘိုးလေး။ မြေးပြောတဲ့စကားမဆုံးသေးဘဲနဲ့ ဖြတ်ပြောပြန်ပြီ အဲဒီကစတာပဲ"

ဘိုးလေးကြွက်က ပူစူးမပြောနေသည့်စကားကို လက်ပြတားလိုက်ပြီး မောင်ထူးကိုကြည့်လိုက်သည်။ ပြီးမှ ဖြည်းဖြည်းချင်းဆက်ပြောလိုက်သည်။

"တစ်ယောက်စကားပြီးဆုံးမှ တစ်ယောက်ပြောရမယ်လေ မောင်ထူးရဲ့။ မြေးတို့ကို အခါသင့်တိုင်း ပြောပြောနေကျပါ။ မေ့နေကြပြီနဲ့တူတယ်။ သူတစ်ပါးစကားပြောနေရင် ကြားဖြတ်မပြောရဘူးဆိုတာလေ။ ပြောနေတဲ့သူရဲ့စကားကို ဆုံးအောင်စောင့်ပေးရမယ်။ တစ်ဖက်လူရဲ့စကားကို နားစွင့်ဖို့ စိတ်မပါရင်တောင် စိတ်မဝင်စားတဲ့အမူအရာမပြဘဲ နားထောင်ပေးရမယ်ကွယ့်။ အဲဒါမှ လူမှုကျင့်ဝတ်ကျေပွန်တယ်။ နောက်ဆိုရင် သတိလေး ထားကြရမယ်နော်"

"ဟုတ်ကဲ့ပါ ဘိုးလေး၊ မှတ်သားထားပါ့မယ်"

"ကျောင်းစာသင်ခန်းထဲမှာဆိုရင် ပိုပြီးဂရုစိုက်ရမယ်။ ကျောင်းသားကျောင်းသူအများနဲ့ဆိုရင် ပြောရတဲ့ ဆရာ ဆရာမရဲ့ စကားသံကို မသဲမကွဲဖြစ်တတ်တယ်။ နားမရှင်းရင် စကားဆုံးအောင် ခဏစောင့်ပြီး ပြန်မေးလို့ရပါတယ်။ ပြောနေတုန်းမှာတော့ ဖြတ်မပြောရဘူးကွယ့်။ မြေးတို့ အချင်းချင်းပဲဖြစ်ဖြစ်၊ ဆရာ ဆရာမတွေရဲ့ ရှေ့မှာပဲဖြစ်ဖြစ်၊ အိမ်မှာပဲဖြစ်ဖြစ် တစ်ဖက်က ပြောတဲ့စကားကို သေချာစွာနဲ့ ဆုံးအောင်နားစွင့်ပြီးမှ ပြန်ပြောစရာရှိရင်ပြန်ပြောပေ့ါ။ နားမရှင်းရင်၊ နားမလည်ရင် နားမလည်ကြောင်း ပြန်မေးလို့ရပါတယ်။ ဆရာတွေ ဆရာမတွေက စာသင်တာပဲဖြစ်စေ၊ တစ်ခုခုမှာကြားတာပဲဖြစ်စေ နားစွင့်နေရမယ်။ ကျောင်းသား ကျောင်းသူအချင်းချင်း စကားများမနေရဘူး၊ စိတ်မပါသလိုမျိုးနဲ့ ဘယ်တော့မှ မနေရဘူးနော်။ ဆရာ ဆရာမတွေကို လေးစားရမယ်။ ရိုကျိုးရမယ်။ မရိုမသေမလေးမစားအမူအရာမျိုး ဘယ်သောအခါမှ မပြုမူရဘူးနော်"

"ဟုတ်ကဲ့၊ မြေးတို့အားလုံး ကတိပေးပါတယ်။ ဂရုတစိုက်နဲ့ ရိုသေလေးစားမှုအပြည့်နဲ့ လိမ္မာယဉ်ကျေးအောင် ပြုမူနေထိုင်ကြမှာပါ ဘိုးလေး"

မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့သုံးဦးတို့၏ တညီတညာတည်းသော ကတိစကားသံက ဘိုးလေးကြွက်၏ စိတ်နှလုံးဘဝင်ကို အေးချမ်းသွားစေသည်။ ဘိုးလေးကြွက်ကလည်း ခေါင်းတဆတ်ဆတ်ညိတ်လျက် သာခုခေါ်ဆိုလိုက်လေတော့သည်။ ။

# ယဉ်ကျေးလိမ္မာပဒေသာ ၃၈ - ဖြာမင်္ဂလာ




**စိတ်ခေတ်ကြံ့ခိုင်ရေးမင်္ဂလာ**

ဆင်းရဲချမ်းသာ သဘာဝ၊
တွေ့ကြုံနေကျ လူတိုင်းပေ။
ကောင်းဆိုးနှစ်တန် အစုံတွဲလို့၊
တစ်လဲစီလှည့် အမြဲနေ။
လောကဓံကြုံ မဖြုံတမ်းပေ့ါ၊
မတုန်စမ်းနဲ့ စိတ်ခိုင်စေ။
သောကကိုထိန်း ရမ္မက်သိမ်း၊
အေးငြိမ်းချမ်းသာနေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

၃၈-ဖြာမင်္ဂလာ ကဗျာတွေထဲက ဒသမမြောက်ကဗျာပေ့ါကွယ်။ "စိတ်ခေတ်ကြံ့ခိုင်ရေးမင်္ဂလာ" ကဗျာလို့ ခေါ်တယ်။ စိတ်ခေတ်ကြံ့ခိုင်ရေးမင်္ဂလာ လေးပါးကို ကဗျာအဖြစ် ဆရာကြီးဒဂုန်ဦးဆန်းငွေက ရေးစပ်သီကုံးခဲ့တာ ဖြစ်တယ်။

ဘဝဖြတ်သန်းမှုမှာ အဆင်ပြေပြေနဲ့ အောင်မြင်ပျော်ရွှင်နိုင်ကြဖို့ လောကရဲ့ ဘဝဖြတ်သန်းမှုမှာ စိတ်ခေတ်ကြံ့ခိုင်ရေးဆိုင်ရာ အတတ်ပညာများကို သိမြင်နိုင်ကြစေရန် သားတို့သမီးတို့၊ မောင်တို့မယ်တို့အတွက် မှတ်လို့လွယ်အောင် ရွတ်ဆိုရတာ လွယ်ကူချောမွေ့အောင် သံပေါက်ကဗျာအဖြစ် ဖွဲ့ဆိုပေးထားတာလည်းဖြစ်တယ်။

၃၈-ဖြာ မင်္ဂလာကဗျာ ဖြစ်လာဖို့အတွက် ဆက်ဆံရေးမင်္ဂလာ သုံးပါး၊ နေထိုင်ရေးမင်္ဂလာ သုံးပါး၊ သင်ကြားရေးမင်္ဂလာ လေးပါး၊ ပြုစုရေးမင်္ဂလာ သုံးပါး၊ လိုက်နာကျင့်သုံးရေးမင်္ဂလာ လေးပါး၊ ရှောင်ကြဉ်ရေးမင်္ဂလာ လေးပါး၊ စိတ်ထားရေးမင်္ဂလာ ငါးပါး၊ သည်းခံရေးမင်္ဂလာ လေးပါး၊ ခြိုးခြံရေးမင်္ဂလာ လေးပါး၊ စိတ်ခေတ်ကြံ့ခိုင်ရေးမင်္ဂလာ လေးပါးတို့နဲ့ ဖွဲ့စည်းထားတာပေါ့ကွယ်။

ဆက်ဆံရေး၊ နေထိုင်ရေး၊ သင်ကြားရေး၊ ပြုစုရေး၊ လိုက်နာကျင့်သုံးရေး၊ ရှောင်ကြဉ်ရေး၊ စိတ်ထားရေး၊ သည်းခံရေး၊ ခြိုးခြံရေး၊ စိတ်ခေတ်ကြံ့ခိုင်ရေးဆိုတဲ့ လူမှုဘဝရှင်သန်ရေးမှာ အရေးပါတဲ့ အချက်ကြီး (၁၀) ချက်ပဲ ပေ့ါကွယ်။ တန်ဖိုးမဖြတ်နိုင်တဲ့ ဘဝရှင်သန်မှု၊ ယဉ်ကျေးလိမ္မာ နည်းလမ်းကောင်းတွေပဲပေ့ါ။

ဆက်ဆံရေးမင်္ဂလာ သုံးပါးဖြစ်တဲ့ နံပါတ်တစ် အသေဝနာစ ဗာလာနံ၊ လူမိုက်ကိုမပေါင်းသင်းရ။ နံပါတ်နှစ် ပဏ္ဍိတာနဉ္စသေဝနာ၊ပညာရှိကိုပေါင်းသင်းရမယ်။ နံပါတ်သုံး ပူဇာစ ပူဇနေယျာနံ၊ ပူဇော်ထိုက်သူကို ပူဇော်ရမယ်။ နေထိုင်ရေးမင်္ဂလာသုံးပါးဖြစ်တဲ့ နံပါတ်တစ် ပတိရူပဒေသဝါသောစ၊ သင့်တင့်လျောက်ပတ် ကောင်းမြတ်သောအရပ်၌ နေရမယ်။ နံပါတ်နှစ် ပုဗ္ဗေစကတပုညတာ၊ ရှေးဘဝက ပြုခဲ့ဖူးသောကောင်းမှု ရှိရမယ်။ နံပါတ်သုံး အတ္တသမ္မာပဏိဓိစ၊ အကျင့်သီလမပျက်ရအောင် ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာစောင့်ထိန်းရမယ်။

သင်ကြားရေးမင်္ဂလာ လေးပါးဖြစ်တဲ့ နံပါတ်တစ် ဗာဟုသစ္စဉ္စ၊ အကြားအမြင်များသူ ဖြစ်ရမယ်။ နံပါတ်နှစ် သိပ္ပဉ္စ၊ စက်မှုလက်မှုအတတ်တတ်ရမယ်။ နံပါတ်သုံး ဝိနယောစသုသိက္ခိတော၊ ကိုယ်ကျင့်တရား ကောင်းမွန်ရမယ်။ နံပါတ်လေး သုဘာသိတာစယာဝါစာ၊ ချိုသာသော စကားကို ပြောဆိုရမယ်။

ပြုစုရေးမင်္ဂလာ သုံးပါးဖြစ်တဲ့ နံပါတ်တစ် မာတာပိတု ဥပဋ္ဌာနံ၊ မိဘနှစ်ပါးကိုပြုစုလုပ်ကျွေးရမယ်။ နံပါတ်နှစ် ပုတ္တဒါရဿ သင်္ဂဟော၊ သားသမီး၊ ဇနီးမယားတို့ကို ပြုစုလုပ်ကျွေးထောက်ပံ့ရမယ်။ နံပါတ်သုံး အနာကုလာစ ကမ္မန္တာ၊ သူတစ်ပါးကို မထိခိုက်စေဘဲ အနှောင့်အယှက်ကင်းသော အလုပ်ကိုပြုလုပ်ရမယ်။

လိုက်နာရေးမင်္ဂလာ လေးပါးဖြစ်တဲ့ နံပါတ်တစ် ဒါနဉ္စ၊ စွန့်ကြဲပေးကမ်းလှူဒါန်းရမယ်။ နံပါတ်နှစ် ဓမ္မာစရိယာ စ၊ သုစရိုက်တရားကို ကျင့်ရမယ်။ နံပါတ်သုံး ညာတကာနဉ္စ သင်္ဂဟော၊ ဆွေမျိုးများကို ပေးကမ်းထောက်ပံ့ရမယ်။ နံပါတ်လေး အနဝဇ္ဇာနိကမ္မာနိ၊ အပြစ်ကင်းသော အလုပ်တို့ကို ပြုလုပ်ရမယ်။

ရှောင်ကြဉ်ရေးမင်္ဂလာ လေးပါးဖြစ်တဲ့ နံပါတ်တစ် အာရတီပါပါ၊ မကောင်းမှုကို ဝေးဝေးက ရှောင်ကြဉ်ရမယ်။ နံပါတ်နှစ် ဝိရတီပါပါ၊ မကောင်းမှုမှ အထူးသဖြင့် ရှောင်ကြဉ်ရမယ်။ နံပါတ်သုံး မဇ္ဇပါနာစ သံယမော၊ မူးယစ်သောက်စားမှုမှ ရှောင်ကြဉ်ရမယ်။ နံပါတ်လေး အပ္ပမာဒေါစ ဓမ္မေသု၊ ကုသိုလ်တရားတို့ကို မမေ့မလျော့ သတိတည်ရမယ်။

စိတ်ထားရေးမင်္ဂလာ ငါးပါးဖြစ်တဲ့ နံပါတ်တစ် ဂါရဝေါစ၊ ရိုသေထိုက်သူကို ရိုသေရမယ်။ နံပါတ်နှစ် နိဝါတောစ၊ မိမိကိုယ်ကိုယ် နှိမ့်ချရမယ်။ နံပါတ်သုံး သန္တုဋ္ဌိစ၊ ရောင့်ရဲလွယ်ရမယ်။ နံပါတ်လေး ကတညုတာစ၊ သူတစ်ပါးကျေးဇူးကို သိတတ်ရမယ်။ နံပါတ်ငါး ကာလေန ဓမ္မဿဝနံ၊ အခွင့်အခါသင့်တိုင်း တရားနာကြားရမယ်။

သည်းခံရေးမင်္ဂလာ လေးပါးဖြစ်တဲ့ နံပါတ်တစ် ခန္တီစ၊ ဒေါသမပွားဘဲ သည်းခံမှု ရှိရမယ်။ နံပါတ်နှစ် သောဝစဿတာ၊ ပညာရှိအဆုံးအမကို လိုက်နာရမယ်။ နံပါတ်သုံး သမဏာနဉ္စဒဿနံ၊ ရဟန်းအရှင်သူမြတ်တို့ကို ဖူးမြော်ရမယ်။ နံပါတ်လေး ကာလေနဓမ္မသာကစ္ဆာ၊ အခွင့်အခါသင့်တိုင်း တရားစကားဆွေးနွေးမေးမြန်းရမယ်။

ခြိုးခြံရေးမင်္ဂလာ လေးပါးဖြစ်တဲ့ နံပါတ်တစ် တပေါစ၊ ခြိုးခြံစွာသုံးစွဲရမယ်။ နံပါတ်နှစ် ဗြဟ္မစရိယဉ္စ၊ မြတ်သောအကျင့်ကို ကျင့်ရမယ်။ နံပါတ်သုံး အရိယသစ္စာနဒဿနံ၊ အရိယာသူတော်ကောင်းတို့ကို ဖူးမြင်ရမယ်။ သစ္စာလေးပါးတရားတို့ကို သိမြင်ရမယ်။ နံပါတ်လေး နိဗ္ဗာနသစ္ဆိကိရိယာစ၊ နိဗ္ဗာန်တရားတော်မြတ်ကို နှလုံးသွင်းရမယ် ဆိုတာတွေကိုတော့ ပုံဝတ္ထုတွေနဲ့ ဖော်ပြခဲ့ပြီးပါပြီ။

"စိတ်ခေတ်ကြံ့ခိုင်ရေး မင်္ဂလာလေးပါး"

၁။ ဖုဋ္ဌဿ လောကဓမ္မေဟိ စိတ္တံယဿ နကမ္ပတိ
၂။ အသောကံ
၃။ ဝိရဇံ
၄။ ခေမံ

မြန်မာလို အဓိပ္ပာယ်တွေကတော့ နံပါတ်တစ် ဖုဋ္ဌဿ လောကဓမ္မေဟိ စိတ္တံယဿနကမ္ပတိ၊ တုန်လှုပ်ကြောက်ရွံ့မှု မရှိခြင်း၊ လောကဓံတရားနှင့် တွေ့ကြုံရသောအခါ စိတ်ခေတ်မတုန်လှုပ်ကြံ့ကြံ့ခိုင်နိုင်ရန်ကြိုးစားရခြင်း၊ လောကဓံတရားတွေ့ကြုံငြား စိတ်ထားတင်းမာနိုင်ရမယ်။ နံပါတ်နှစ် အသောကံ၊ စိုးရိမ်ပူဆွေးကြောင့်ကြမှုမရှိခြင်း၊ စိုးရိမ်သောကမရှိရအောင် ကြံ့ခိုင်ရမယ်။ နံပါတ်သုံး ဝိရဇံ၊ ကိလေသာမြူကင်း၍ သန့်ရှင်းစင်ကြယ်ခြင်း၊ ကိလေသာ ဟူသော မြူမှုန်ကင်းဝေးရမယ်။ နံပါတ်လေး ခေမံ၊ ဘေးရန်ဥပဒ်မရှိခြင်း၊ ကြောက်ရွံ့ထိတ်လန့်မှု ဘေးမရှိခြင်း၊ ကိလေသာရန်ဟူသမျှ ကင်းဝေးရမယ်တို့ပေ့ါကွယ်။

သားတို့သမီးတို့၊ မောင်တို့မယ်တို့အပါအဝင် လူတိုင်းလူတိုင်းအတွက် ဘဝဖြတ်သန်းမှုမှာ စိတ်ခေတ်ကြံ့ခိုင်ရေးမင်္ဂလာလေးပါးနဲ့အညီ ကျင့်ကြံလုပ်ဆောင်ကြမယ်ဆိုရင် အောင်မြင်ပျော်ရွှင်ကာ ငြိမ်းအေးသာယာပြီး ချမ်းသာကြွယ်ဝတဲ့ ဘဝကို ပိုင်ဆိုင်နိုင်ကြမှာပဲဖြစ်တယ်။

လောကဓံတရား တွေ့ကြုံငြား စိတ်ထားတင်းမာနိုင်ရမယ်။

စိုးရိမ်သောကမရှိရအောင် ကြံ့ခိုင်ရမယ်။

ကိလေသာဟူသော မြူမှုန်ကင်းဝေးရမယ်။

ကိလေသာရန်ဟူသမျှ ကင်းဝေးရမယ်။

မြန်မာလိုအနှစ်ချုပ်ပါပဲ။ ယနေ့လူငယ်လူရွယ် မျိုးဆက်သစ် သားတို့သမီးတို့၊ မောင်တို့မယ်တို့အပါအဝင် လူတိုင်းလူတိုင်း လိုက်နာကျင့်ဆောင်ရမယ့်စိတ်ခေတ်ကြံ့ခိုင်ရေးမင်္ဂလာ နည်းနာတွေပေ့ါကွယ်။ ။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၅၁၉ ဆူ | ၂၀၁ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၆၉ ခန်း | ၃၈၆ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၉ တိုင် | ၁ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၂၆ ခု | ၅၂၆ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၈ ကျင်း | ၂၀၅၁. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၆ ကျင်း | ၁၉၂. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၃ ကျင်း | ၅၈၈၇. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၃၀၄ ကျင်း | ၁၄၃၂. ၀၈ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၄။ | မုစလိန္ဒအိုင် | ၂၂၅၆၀. ၀၀ | ၁ | ၅၃၂၈ သိန်း | ၁၇၂၃၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၄. ၇၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၁၇. ၀၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၄၆၆. ၁၂ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၆၅၈. ၃၄ | ၁ | - | ၁ |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၃၁၂ စုံ | ၁၈၈ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

# ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကာယရပ်ကွက်၊ ကာယ(၅)လမ်း၊ မြေတိုင်းရပ်ကွက် အမှတ် (၅၃၂/စီခ)၊ မြေကွက်အမှတ်(၂/၁၃၃)၊ ဧရိယာ (၀.၀၂၃၈) ဧကအကျယ်ရှိ ဦးငွေသန်း အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်၍ အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဖြစ်သော ဦးခင်မောင်ဆွေ(၅/ခဥတ(နိုင်)၀၃၈၈၄၃) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်းများ)ဖြင့် ယနေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံး သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| ဒေါ်ခိုင်ခိုင်စန်း | ဒေါ်နှင်းနုလွင် |
|---|---|
| ( LL.B, D.B.L, D.I.L ) | ( LL.B ) |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၆၁) | အထက်တန်းရှေ့နေ (စဉ်-၅၃၁၁၄) |

တိုက်(၃)၊ အခန်း(၃၀၁)၊ မြေညီထပ်၊ မိုးကောင်းလမ်းမကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၀၁၆၀၂၇၀၀၊ ၀၉-၇၇၃၀၂၇၀၉၆

# ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ ရွှေတောင်တန်းလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၃၇)၊ မြေကွက်အမှတ်(၉၇၆)၊ ဧရိယာ (၀.၀၅၅) ဧကအနက်မှ တရားဝင်မခွဲ မစိတ်ရသေးသည့် ရွှေတောင်တန်းလမ်းမှမျက်နှာမူလျှင်(ယာဘက်ခြမ်း) (၂၀'×၆၀')အကျယ်ရှိ ဦးသန်းပို အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၁)ထပ်ခွဲအဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမွေဆက်ခံပိုင်ဆိုင်၍ အပြီးအပိုင်လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူဖြစ်သော ဦးရဲသန်း (၁၂/ဥကတ(နိုင်)၀၀၆၀၃၅) ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်းများ)ဖြင့် ယနေ့မှစ၍ (၁၄) ရက် အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံး သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| ဒေါ်ခိုင်ခိုင်စန်း | ဒေါ်နှင်းနုလွင် |
|---|---|
| ( LL.B, D.B.L, D.I.L ) | ( LL.B ) |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၆၁) | အထက်တန်းရှေ့နေ (စဉ်-၅၃၁၁၄) |

တိုက်(၃)၊ အခန်း(၃၀၁)၊ မြေညီထပ်၊ မိုးကောင်းလမ်းမကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၀၁၆၀၂၇၀၀၊ ၀၉-၇၇၃၀၂၇၀၉၆

## “သက်ဆိုင်ပတ်သက်မှု မရှိပါကြောင်း အများသိစေရန် ကြေညာခြင်း”

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန္တာအေး[၁၂/တမန(နိုင်)၀၄၀၂၇၆]နှင့် အမှတ်(၁၂၆)၊ မင်းမဟော်လမ်း၊ လမုတန်းရပ်ကွက်၊ ဒေါပုံမြို့နယ်တွင် ယခင်ကနေထိုင်ခဲ့သော ဒေါ်စန္ဒာမြင့်(ခ)ချိုသဲ [၁၂/ဒပန(နိုင်)၀၄၄၃၈၆] တို့သည် ညီအစ်မတော်စပ်သည်မှာ မှန်သော်လည်း ၎င်းပြုလုပ် ဆောင်ရွက်ခဲ့သော ငွေကြေးကိစ္စအဝဝသည် ကျွန်ုပ်၏မိတ်ဆွေနှင့် လုံးဝသက်ဆိုင်မှုမရှိပါ။ ထို့ကြောင့် ၎င်း၏ ငွေကြေးကိစ္စအပါအဝင် မည်သည့်ကိစ္စကိုမှ ကျွန်ုပ်၏မိတ်ဆွေအနေဖြင့် ပတ်သက်ဖြေရှင်းပေး မည်မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သန္တာအေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းဝင်းခိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၁၇)**
**အမှတ်(၂၃၈)၊ မာန်ပြေ(၆)လမ်းအရှေ့၊ ၃/ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၆၅၉၃၉**

## အမည်(၂)မျိုးနှင့် လူပုဂ္ဂိုလ် တစ်ဦးတည်းဖြစ်ကြောင်း ကြေညာခြင်း

ကျွန်မ မနှင်းပွင့်ဖြူ၏ဖခင်ဖြစ်သူ ဦးစိုင်းထွန်းထွန်းမိုး(ခ) ဦးထွန်း ထွန်းမိုး[၁၂/သကတ(နိုင်)၁၃၂၈၇၄] သည် အမည်(၂)မျိုးဖြစ်နေသော်လည်း ကျွန်မ၏ဖခင်မှာ လူပုဂ္ဂိုလ်တစ်ဦး တည်းဖြစ်ကြောင်း ကြေညာအပ်ပါ သည်။

**ဦးစိုင်းထွန်းထွန်းမိုး(ခ)**
**ဦးထွန်းထွန်းမိုး**
**[၁၂/သကတ(နိုင်)၁၃၂၈၇၄]**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## အများသိစေရန် အသိပေးကြေညာခြင်း

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် မြန်မာနိုင်ငံသားများဘဏ်ထံမှ အငှားဝယ် စနစ်ဖြင့် အောက်ဖော်ပြပါ မော်တော်ယာဉ်ကို ဝယ်ယူထားပြီး လစဉ်အရစ်ကျငွေများ ပေးသွင်းရန် ပျက်ကွက်နေသည့်အပြင် ဘဏ်မှဆက်သွယ်၍မရရှိသောကြောင့် လူကြီးမင်းတို့အနေဖြင့် ဘဏ်သို့ပေးသွင်းရမည့်ငွေများအားပေးသွင်းခြင်း(သို့မ ဟုတ်)ဘဏ်ပိုင်မော်တော်ယာဉ်အား ဘဏ်၏လက်ဝယ်သို့ လာရောက်အပ်နှံပါရန် နှင့် အောက်ဖော်ပြပါသူများထံမှ တစ်နည်းနည်းဖြင့် ဖော်ပြပါ မော်တော်ယာဉ်များ အား လက်ဝယ်ရယူထားရှိသူများအနေဖြင့်လည်း ဤကြော်ငြာပါသည့်ရက်မှ စ၍(၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ဆက်သွယ်ပါရန် သတ်မှတ်ကာလ အတွင်း လာရောက်ဆက်သွယ်မှုမရှိပါက ဥပဒေများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်-

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးအမှတ် | အမျိုးအစား | ကားနံပါတ် |
|---|---|---|---|---|
| ၁။ | ဦးရဲနိုင်မင်း | [၁၄/ဝခမ(နိုင်)၁၆၀၉၆၁] | Suzuki Ciaz | 9P/7796 |
| ၂။ | ဦးအောင်ကျော်မိုး | [၅/စကန(နိုင်)၁၅၃၇၄] | Suzuki Carry | 1Q/2724 |
| ၃။ | ဦးအောင်ပိုင်ဦး | [၁၄/ဝခမ(နိုင်)၁၆၀၉၆၃] | Suzuki Ciaz | 1Q/5151 |
| ၄။ | ဦးကျော်လွင် | [၁၂/မဂတ(နိုင်)၀၀၈၁၃၀] | Suzuki Extiga | 7Q/3651 |
| ၅။ | ဒေါ်မိုးသန္တာဦး | [၁၂/တမန(နိုင်)၀၉၉၆၂၂] | Alphard | 4D/9859 |
| ၆။ | ဦးမြင့်အောင် | [၁၀/မလမ(နိုင်)၀၂၀၂၂၁] | Suzuki Ciaz | 6Q/1910 |
| ၇။ | ဦးမြင့်သိန်း | [၁၂/ကမတ(နိုင်)၀၃၀၈၁၈] | Suzuki Carry | 9P/3247 |

**မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လှိုင်ဝင်းထွဋ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၆၇၉)**
**အမှတ်-(၉)၊ CDSG Condo ဝင်း၊ C-7 ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၉၇၅၈၆၀၄**

## မော်တော်ဆိုင်ကယ် မှတ်ပုံတင်စာအုပ်ပျောက်လျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ်၊ MON/11176, SUZUKI LEFS 113CC, MC ယာဉ် လက်ဝယ်ရှိသူ ဦးနေစိုး[၁၀/ပမန(နိုင်) ၀၉၅၁၂၅]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **က.ည.န၊ ခရိုင်ရုံး(သထုံ)**

## ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကတ-၁၀)၊ မြေကွက်အမှတ်(၃၉၆/ခ)၊ (ပေ၂၀xပေ၆၀) အကျယ်အဝန်းရှိ ဦးကျော်ဝင်း [၁၂/စခန(နိုင်)၀၀၇၃၆၅] အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လှိုင်သာယာမြို့နယ်၊ ဒိုင်စုရပ်ကွက်(ဒိုင်စုရွာ)၊ ပိတောက်လမ်း၊ အမှတ်(၃၉၆/ခ)ဟုခေါ်တွင်သော မြေကွက်အပါအဝင် အကျိုးခံစားခွင့်အားလုံးနှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဖော်ပြပါ မြေကွက်အပါအဝင် အကျိုးခံစားခွင့်တို့ကို တရားဝင်လက်ဝယ် ထားရှိ ပိုင်ဆိုင်သဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုကြသူ ဦးဇော်ဝမ်း [၇/ကဝန(နိုင်) ၁၃၀၁၁၆၁]နှင့် ဒေါ်မြင့်မြင့်ကြွယ်[၇/ကဝန(နိုင်) ၁၃၀၁၇၆]တို့ထံမှ အပြီးအပိုင် လက်ရောက်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေ က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ယင်းအပေါ် အကျိုးသက်ဆိုင်သူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇) ရက်အတွင်း တရားဝင်ခိုင်လုံသောစာချုပ်စာတမ်း၊ စာရွက်စာတမ်းအထောက် အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်နိုင်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးအောင်နိုင်ဝင်း(စဉ်-၈၂၁၉) | ဒေါ်တင်တင်ခိုင်(စဉ်-၈၀၀၈) |
|---|---|
| (LL.B,D.I.L) | (LL.B,D.B.L,D.M.L,D.I.L) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(၁၃/ခ)၊ ၈-လမ်း၊ (၃/ခ)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်။**
**ဖုန်း-၀၉-၄၄၈၀၂၅၉၉၃၊ ၀၉-၉၇၈၉၄၀၀၆၆**

## အများပြည်သူသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများက ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၅၆)၊ လူနေရပ်ကွက်အမှတ်-(သမိုင်း)၊ မြေကွက်အမှတ်(၁၈/၉၃)၊ မြေ ဧရိယာ(၀.၁၀၂)ဧက အကျယ်အဝန်းရှိ လ/န ၃၉ ရပြီး မြေပိုင်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ယခုအခေါ်အမှတ်-၈(စီ/၁)၊ မေခလမ်းသွယ်၊ နီကောရိပ်သာလမ်း၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် အဆောက်အဦအပါအဝင် ယင်းတို့နှင့်ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ (အဖ) ဦးချစ်ချစ်၏သားများဖြစ်ကြသော ဦးမိုးသန်းချစ် [၁၂/ရကန(နိုင်)၀၂၄၈၄၀]၊ ဦးဇော် ဝင်းချစ် [၁၂/ရကန(နိုင်)၀၂၅၃၃၂]နှင့် ဦးသော်တာချစ် [၁၂/ရကန(နိုင်)၀၂၅၀၅၆] တို့(၃)ဦးထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦအား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ် ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL) | ဒေါ်ခင်မြတ်သူ(H.G.P, LL.B, D.M.L) |
|---|---|
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၉၆) | တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅) |
| အမှတ်-၁၂၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း | အမှတ်-၁၂၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း |
| အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ | အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖုန်း-၀၉-၅၁၇၁၄၃၃ | ဖုန်း-၀၉-၈၆၃၅၁၂၂၊ ၀၉-၂၅၄၄၈၈၃၃၀ |

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၅၅/ ဒိုးပင်ကွင်း)၊ ဦးပိုင်အမှတ်(၅၄)၊ မြေဧရိယာ(၂.၀၆)ဧကရှိ ပုံစံ(၇)မှာ ပျောက်ဆုံး နေပါသဖြင့် အဆိုပါ ပျောက်ဆုံးနေသော ပုံစံ(၇)ရရှိရေးအတွက် ဦးကျော်သူရအောင် [၁၂/ရကန(နိုင်)၀၀၃၂၄၆]မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း မြေ ပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## အများသိရှိနိုင်စေရန်ကြေညာခြင်း

**“ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀တောင်/၁၄ ရပ်ကွက်၊ သာလွှာဝတီ(၃)လမ်း၊ အမှတ်(၁၅၉၆/က)”**နေ ဒေါ်စန်းစန်းနွယ် [၁၂/သကတ(နိုင်)၀၀၀ ၆၁၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်စန်းစန်းနွယ်သည် (အဖ) ဦးကျော် ဆွေ၏သမီးဖြစ်သူ ဒေါ်မြတ်ကေသီကျော် [၁၂/သကတ(နိုင်)၁၈၄၅၆၀]အား မိမိ၏နေအိမ်၌ ၎င်း၏မိသားစုဝင်ကဲ့သို့ ခေါ်ယူကျွေးမွေးပြုစုစောင့်ရှောက်ခဲ့ပါ သည်။ သို့သော် ဒေါ်မြတ်ကေသီကျော်သည် ၎င်းအား ကျွေးမွေးပြုစုစောင့် ရှောက်ထားသည့် ဒေါ်စန်းစန်းနွယ်အပါအဝင် ဒေါ်စန်းစန်းနွယ်၏ မိသားစုဝင် များမှ ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များအား ဒေါ်မြတ်ကေသီကျော်မှ ပြုလုပ် သွားခဲ့ပြီး နေအိမ်မှ ထွက်သွားခဲ့သည့်အတွက် ဒေါ်စန်းစန်းနွယ်အပါအဝင် ၎င်း၏မိသားစုဝင်များမှ ဒေါ်မြတ်ကေသီကျော်၏ပြုလုပ်မှုကြောင့် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်ခဲ့ရပါသည်။ သို့ဖြစ်ပါ၍ ဒေါ်မြတ်ကေသီကျော်မှာဒေါ်စန်း စန်းနွယ်တို့မိသားစုနှင့်ပတ်သက်ဆက်နွှယ်ခြင်း၊ သက်ဆိုင်ခြင်းမရှိတော့ သည့်အတွက် နောက်နောင်တွင် ဒေါ်မြတ်ကေသီကျော်ပြုလုပ်သည့်ကိစ္စရပ် များနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝတို့အား ဒေါ်မြတ်ကေသီကျော် နှင့်သာ တွေ့ဆုံဖြေရှင်းဆောင်ရွက်ကြရန်နှင့် ဒေါ်စန်းစန်းနွယ်တို့ မိသားစု နှင့်လုံးဝသက်ဆိုင်ခြင်းမရှိတော့သည့်အတွက် တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်မေသဉ္ဇာသိန်း(LL.B) | ဒေါ်ပွင့်သူဇာ (LL.B) |
|---|---|
| (စဉ်-၁၄၅၉၈) | (စဉ်-၁၄၅၉၂) |

**တရားလွှတ်တော်ရှေ့နေများ**
**Law Garden Law Firm**
**အမှတ်(၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၁၁၁၇၂၀၄၊ ၀၉-၂၆၂၆၈၅၇၄၄၊ ၀၉-၂၆၄၆၉၇၉၀၉**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စက်မှုဝန်ကြီးဌာန
## အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း
## အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်)

ကြော်ငြာစာအမှတ်(၁/၂၀၂၃)
၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်
(၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူး (၄၇၈) နေရာများအတွက် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး၊ လစာနှုန်း | ပညာအရည်အချင်း | နေရာ |
|---|---|---|---|
| (က) | အလုပ်ရုံစိတ်မှူး | | (၁၀၆) နေရာ |
| | (၂၁၆,၀၀၀-၂၀၀၀-၂၂၆,၀၀၀) | B.Tech (Mech;/MC) | (၂) နေရာ |
| | | AGTI (MP/MT/MC) | (၄၀) နေရာ |
| | | AGTI(EP) | (၂၈) နေရာ |
| | | AGTI (EC) | (၃၆) နေရာ |
| (ခ) | ထုတ်လုပ်ရေးကျွမ်းကျင်(၄) | B.C.Sc/B.Sc | (၁၂၅) နေရာ |
| | (၁၈၀,၀၀၀-၂၀၀၀-၁၉၀,၀၀၀) | | |
| (ဂ) | ထုတ်လုပ်ရေးကျွမ်းကျင်(၅) | ITC လက်မှတ်ရ | (၁၄၀) နေရာ |
| | (၁၆၂,၀၀၀-၂၀၀၀-၁၇၂,၀၀၀) | | |
| (ဃ) | လုပ်သား | THS လက်မှတ်ရ/ | (၁၀၇) နေရာ |
| | (၁၄၄,၀၀၀-၂၀၀၀-၁၅၄,၀၀၀) | အထကအောင် | |

၂။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) ၁-၁၂-၂၀၂၂ ရက်နေ့တွင် အသက် (၁၈) နှစ်ပြည့်ပြီး (၃၄)နှစ် ထက် (နိုင်ငံ့ဝန်ထမ်းဖြစ်ပါက) (၃၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
- (ဂ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနမှ တစ်ဆင့် လျှောက်ထားရမည်။
- (ဃ) အပိုဒ်(၁) အမှတ်စဉ်(က)ပါ ရာထူးအတွက် အင်္ဂလိပ်စာနှင့် ကွန်ပျူတာကျွမ်းကျင်သူကို ဦးစားပေးရွေးချယ်မည်ဖြစ်ပါ သည်။
- (င) အကျင့်စာရိတ္တကောင်းမွန်ပြီး ကျန်းမာရေးကောင်းမွန်သူဖြစ် ရမည်။
- (စ) လျှောက်ထားသူ တစ်ဦးလျှင် ရာထူးအလွှာတစ်မျိုးကိုသာ လျှောက်ထားရမည်။
- (ဆ) ဝန်ထမ်းအဖြစ်ခန့်အပ်ခြင်းခံရပါက အနည်းဆုံး (၃) နှစ် တစ်ဆက်တည်း တာဝန်ထမ်းဆောင်ရမည်။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြပြီး လျှောက်ထားသူကိုယ်တိုင် လက်မှတ်ရေးထိုးရမည်-
- (က) လျှောက်ထားသည့်ရာထူးအမည်၊
- (ခ) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊
- (ဂ) မွေးသက္ကရာဇ်နှင့် အသက်၊
- (ဃ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ၊
- (င) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်၊ အောင်မြင်ခဲ့သည့် ကျောင်း
- (စ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် အလုပ်အကိုင်၊
- (ဆ) အလုပ်သမား မှတ်ပုံတင်အမှတ်၊ နေ့စွဲနှင့် အလုပ်သမားရုံးအမည်၊
- (ဇ) ဝန်ထမ်းဖြစ်လျှင် လက်ရှိရာထူး၊ လစာနှုန်းနှင့် ဌာနအမည်
- (ဈ) ဆက်သွယ်ရန်နေရပ်လိပ်စာ၊ ဖုန်းနံပါတ်
- (ည) အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ

၃။ လျှောက်ထားလိုသူများသည် စာမေးပွဲ ဖြေဆိုခွင့် လျှောက်လွှာများကို စက်မှုဝန်ကြီးဌာန၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း (ရုံးချုပ်)၊ ရုံးအမှတ် (၃၀)တွင် ရယူနိုင်ပြီး စာမေးပွဲဝင်ကြေးငွေ ၅၀၀၀/- (ကျပ်ငါးထောင်တိတိ) အား မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)၊ အမှတ်(၁) အကြီးစားစက်မှု လုပ်ငန်း၏ ငွေစာရင်းအမှတ် (SEE-10811) သို့ ပေးသွင်းရမည်ဖြစ်ပါသည်။

၄။ ရေးဖြေစာမေးပွဲကို အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း (ရုံးချုပ်) နေပြည်တော်နှင့် အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်)တို့တွင် ကျင်းပပြုလုပ် မည်ဖြစ်ပြီး လျှောက်ထားလိုသူများ၏ သဘောဆန္ဒအရ လျှောက်လွှာများကို အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း (ရုံးချုပ်)၊ နေပြည်တော်(သို့မဟုတ်) အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)သို့ လိပ်မူပြီး စာမေးပွဲဖြေဆိုခွင့် လျှောက်လွှာများကို ၁၂-၁-၂၀၂၃ ရက်နေ့မှစ၍ စတင်လက်ခံမည်ဖြစ်ပြီး ၁၁-၂-၂၀၂၃ ရက်နေ့ အရောက် နောက်ဆုံးထားပေးပို့ လျှောက်ထားရမည် ဖြစ်သည်။

## အများသိစေရန်ကြေညာချက်

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဥယျာဉ်(၂)လမ်း၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ စီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၀/ Phase-2) တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ မြေကွက်အမှတ်(၂၅၀/၆၆)တွင် (၂)ထပ်တိုက်(Pitch Roof) (မိသားစုနေအိမ်) အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန် မြေပိုင်ဆိုင်မှုအနေဖြင့် မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန၏ (၃)နှစ်ပါမစ်မြေအမည်ပေါက် ဦးအောင်ဇော်နိုင်ထံမှ အရပ် ကတိအရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့်ဝယ်ယူ၍ ဦးသိန်းဝင်း (၁၂/ရကန(နိုင်) ၀၂၁၄၃၉)နှင့် ဒေါ်ကြည်ကြည်ဝင်း (၁၂/ရကန(နိုင်)၀၂၁၄၄၀)တို့မှ တင်ပြလျှောက် ထားလာခြင်းနှင့်ပတ်သက်၍ ပူးတွဲတင်ပြထားသော မြေပိုင်ဆိုင်မှု(၃)နှစ် သက်တမ်း ပါမစ်မြေအမျိုးအစား အထောက်အထားပါ ဆောက်လုပ်နေထိုင်ခွင့်လက်မှတ်မှာ သက်တမ်းကျော်လွန်နေသဖြင့် အဆောက်အဦ ဆောက်လုပ်ခွင့် တင်ပြလျှောက်ထား လာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက် ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထား ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံး လုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ




## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ပိတုန်းစမ်းကျေးရွာ၊ ပိတုန်းစမ်းလမ်း၊ အမှတ်(၁၉၃/၁၉၄)ဟုခေါ်တွင်သော သန်လျင်မြို့၊ ဘုရားကုန်းကျေးရွာ၊ ကွင်းအမှတ်(၆၆၉)သဲဖြူကွင်း၊ ဦးပိုင်အမှတ်-(N/၁၉-၁၊ N/၂၀)၊ ဧရိယာ(၀.၂၀)ဧကရှိ ဦးအေးထွန်း ပြေစာ အမည်ပေါက်မြေနှင့် ဦးပိုင်အမှတ်(N/၁၉-၂)၊ ဧရိယာ(၀.၂၀)ဧကရှိ ဒေါ်မိုးမိုးကြည်ပြေစာအမည်ပေါက်မြေ၊ စုစုပေါင်းမြေအကျယ်(၁၂၀ပေx၁၈၃ပေ)အကျယ်ရှိ မြေတို့အား လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဦးမောင်မောင်ထွန်း (ဘ) ဦးထွန်းညွန့် [၁/မကန(နိုင်) ၀၀၄၀၅၇] ကိုင်ဆောင်သူထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်မည့်သူရှိပါက ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းမင်းသန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၉၁)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း-၀၉-၅၀၉၂၁၀၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ထူပါရုံ(၇)လမ်း၊ အမှတ်(၉၈၄/ခ)မြေပေါ်တွင်ဆောက်လုပ်ထားသော ၆-ထပ်တိုက်၊ ဒုတိယထပ်၊ အခန်းအကျယ်(၁၈ပေx၅၄ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဦးသိန်းလွင် [၁၂/လမတ(ဧည့်)၀၀၀၅၉၀] ကိုင်ဆောင်သူထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်မည့်သူရှိပါက ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းမင်းသန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၉၁)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း-၀၉ ၅၀၉၂၁၀၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်း(၂) ရပ်ကွက်၊ အာသာဝတီ(၂)လမ်း၊ မြေကွက်အမှတ်(၅၁)၊ ဦးအေးပု၊ ဒေါ်သန်း၊ ဒေါ်စန်းမြင့်တို့၏ အမည်ပေါက် မြေငှားဂရန် မြေအကျယ် (၄၀ပေx၆၀ပေ) အနက်မှ ဒေါ်သန်း၏ ပိုင်ဆိုင်မှုဖြစ်သော မြေအကျယ်ပေ (၁၃½x၆၀) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ ဒေါ်တင်ဇာမြင့် [၁၂/ဥကမ(နိုင်) ၁၈၃၆၅၄] မှ ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်း တစ်စုံတစ်ရာမျှမရှိ ကင်းရှင်းပါကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ရောင်းချသည့် တန်ဖိုးငွေ အနက်မှ အချို့ကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသောကြောင့် ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော အထောက်အထား မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှလှအေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၁၄၃)**
**အမှတ်(တ/၅)၊ ဘောဂဗလလမ်း၊ ယန္တရားဝင်း၊ (င) ရပ်ကွက်**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၄၂၀၂၅၀၈၈၇**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်(၁၉၇/က)၊ မြေကွက်တည်နေရာ အမှတ်-၁၉၇/က၊ ဗိုလ်တာရာလမ်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဦးဇော်ဝင်းနိုင်( (YKN- ၀၀၆၁၄၇) အမည်ပေါက်ပါမစ် မြေအား အမည်ပေါက် ဦးဇော်ဝင်းနိုင်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်မြမြရီ [၁၂/ရကန(နိုင်)၀၃၂၃၀၂]မှ ပါမစ်မူရင်း (ခတ်ပုံမှတ်တမ်းနှင့် မြေရာဇဝင် အကျဉ်းချုပ်စာရွက်)တို့တင်ပြပြီး၊ (အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မှီခိုသူများစာရင်းစာရွက်မပါရှိ)၊ ပါမစ်မစုံ အရပ်ကတိအရောင်းအဝယ်စာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြပြီး ဂရန်သစ် လျှောက်ထားလာခြင်းအား လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ပြီးဖြစ်၍ မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် တစ်ထပ်အုတ်ညှပ်အဆောက်အဦ တစ်လုံးရှိပြီး၊ လျှောက်ထားသူ ကိုယ်တိုင်နေထိုင်ပြီး မြေပြင်ကွင်းဆင်း စစ်ဆေးသည်ကို သိရှိကြောင်း လျှောက်ထားသူမှ လက်မှတ်ရေးထိုးပေးပါသည်။ သို့ဖြစ်ပါ၍ ဒေါ်မြမြရီ၏ ဂရန်သစ် လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၃၉၇)၊ (ပဲမိုကုန်း)၊ မြေကွက်အမှတ်(၁၆၀/ဃ)၊ ဧရိယာ(၀.၁၄၀)ဧက၊ မြေအမျိုးအစား-B မြေ ၃(ခ) ရပြီး မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ်-၃၆/အေ၊ သဇင်လမ်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်ဟုခေါ်တွင်သည့် မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်နီလာဝင်း [၅/တမန(နိုင်) ၀၀၀၃၇၉]အမည်ဖြင့် မှတ်သားထားရှိသော မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ပိုင်ဆိုင်ထားရှိလျက် အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူမည်ဖြစ်သဖြင့် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန္ဒာမွေး**
**(LL.B,M.P.A,D.B.L,D.M.L,D.I.L,D.APsy,D.I.R,D.G.I)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၄၈)**
**အမှတ်(၁၄၄/၁)၊ နံ့သာဖြူလမ်း၊ (၁၄/၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉ ၄၂၀၀၂၂၂၅၀၊ ၀၉ ၉၇၀၃၄၈၈၄၄**

## "ကန့်ကွက်နိုင်ကြောင်းကြော်ငြာ"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈)ရပ်ကွက်၊ ဇာဒက်ကြီးကျွန်းလမ်း၊ အမှတ်(၁၄၃၂)ဟု ခေါ်တွင်သော မြေကွက်အမှတ်(၁၄၃၂)၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်ရှိ အကျယ်အဝန်း ပေ(အလျား ၄၀x အနံ ၆၀)၊ ဧရိယာ(၀.၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေ၊ နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးထွန်းထွန်း[၁၂/ကမတ(နိုင်)၀၀၀၄၆၆]၏ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ ဇနီးဖြစ်သူ ဒေါ်အိအိချော(ယခုလက်ရှိပိုင်ရှင်)ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှစရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။

ထိုကဲ့သို့ ပေးချေပြီးဖြစ်ပါ၍ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

အကယ်၍ ကြော်ငြာပါ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေဝင်းမောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၅၃)**
**ရုံး-အမှတ်-၁၀/၁၂၊ ၃၅-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**အိမ်-အမှတ်-၂၉၉/ခ၊ ငုဝါမြိုင်လမ်း၊ ၁၀၇-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)**
**မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၀၉၉၅၆၃၊ ၀၉-၇၉၃၇၇၃၀၄၁**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ မြေကွက် အမှတ်-၁၂၂၉၊ မြေကွက်တည်နေရာအမှတ်(၁၂၂၉)၊ အနော်ရထာလမ်း၊ (၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဧရိယာ(၀.၀၅၅)ဧက၊ နှစ်(၆၀)မြေငှားဂရန်၊ ဦးမောင်မောင်လင်း [၉/တကန(နိုင်) ၀၀၄၇၀၆]အမည်ပေါက်မြေအား အမည်ပေါက် ဦးမောင်မောင်လင်းသည်(၃-၇-၂၀၁၆)ရက်နေ့တွင် ကွယ်လွန်သဖြင့် ၎င်း၏ တရားဝင်ဇနီးတော်စပ်ကြောင်း ဒဂုံမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေဆုံးခြင်းလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)မြေငှားဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ဒေါ်နွယ်နီအောင် [၁၂/တမန(နိုင်)၀၀၀၈၇၆]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၀၆၈၁/၂၇-၈-၂၀၂၀)ဖြင့် GP ရသူ ဒေါ်ချောကလျာအိ [၁၃/မယတ(နိုင်) ၀၀၀၁၃၃]မှ အထွေထွေကိုယ်စားလှယ်လွှဲစာ၊ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်း ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် RC ၂-ထပ်(၁)လုံးရှိပြီး၊ လျှောက်ထားသူကိုယ်တိုင် မနေထိုင်ပါ။ အရပ်စာချုပ်ဖြင့် ဝယ်ယူထားသူ နေထိုင်ပြီး၊ ကွင်းဆင်းစစ်ဆေးသည်ကို သိရှိကြောင်း GP ရသူနှင့် ဝယ်ယူထားသူတို့မှ လက်မှတ်ရေးထိုးပေးပါသည်။ သို့ဖြစ်ပါ၍ GP ဒေါ်ချောကလျာအိမှ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃)
## ဗိုလ်တထောင်ခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁

ကွယ်လွန်သူ ဒေါ်သန်းညွန့်၏ ကျန်ရစ်သောပစ္စည်းများနှင့်
စပ်လျဉ်းသည့်အမှု-

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ မြို့ပတ် (၄)လမ်း၊ အမှတ်(၃၃)၌နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်သန်းညွန့်၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်စာ ထုတ်ပေးပါမည့်အကြောင်းနှင့်ဒေါ်စန်းမြင့်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်(၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်)နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်သန်းညွန့်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့၌ မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်စန်းမြင့်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရဲလွင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## Ministry of Energy

Invitation for Letter of Expression of Interest for renovation, construction of new facilities and long-term leasing and BOT of the new Petrochemical Complex (Thanbayakan)

1. The Ministry of Energy of the Republic of the Union of Myanmar aims to increase the domestic supply of refined petroleum products and further expand the Petrochemical Complex (Thanbayakan) through major technological developments with additional investments, whilst incorporating necessary environmental management policies and plans. With the primary intention to meet the aforementioned strategic goal, The Ministry of Energy of the Republic of the Union of Myanmar is currently seeking a qualified investor organizations to renovate the existing complex, construct a new refinery and operate the Petrochemical Complex (Thanbayakan) project. The main objectives of the project are as follows:
   - To satisfy the growing domestic demands of petroleum products by increasing the production of exceptional petroleum commodities.
   - To expand the business with respect to economic feasibility and profitability, whilst considering competitive advantages.
   - To conduct environmentally friendly production of petroleum products by utilizing environmentally friendly and energy saving means.

   The investor Company will be expected to undertake crude oil refinery rehabilitation, construction of new facilities, trading and additionally, to work towards further expansion of refinery based petrochemical related industries, including the construction of a new refinery through competitive advantages.

   The investor Company will be granted all required Permits and Necessary Licenses with regards to the Petrochemical Complex (Thanbayakan) Project, in accordance with the existing Myanmar laws and regulations and any modifications thereof.
2. The Ministry of Energy of the Republic of the Union of Myanmar hereby announces an Invitation for Expression of Interest to both local and foreign investors for Petrochemical complex (Thanbayakan).
3. The interested parties are cordially invited to submit the Letter of Expression of Interest– LoEI, along with additional documents stating the Constitution of the Company, Certificate of Incorporation, Audited Financial Statement or Financial Report for the last three years (if Consortium, Audited Financial Statement or Financial Report of the leading member of the Consortium), Company's Organizational Structure with consisting Experts and Professionals and other related documents. A single set of Original Hard Copy, (3) Sets of Hard Copies attached with the Soft Copy of the aforementioned documents are required to be submitted in person to the following address not later than (12:00) PM of 8–3–2023.

   Director General
   Oil and Gas Planning Department
   Ministry of Energy
   Office No.6, Nay Pyi Taw
   Phone: 0673411046
4. With regards to the documents required for the preparation of the Letter of Expression of Interest, an explanation session will be arranged at the Oil and Gas Planning Department, Office No.6, Nay Pyi Taw on 9–2–2023 at (14:00) PM.
5. The potential bidders, who intend to compete for the operation of the Petrochemical refinery (Thanbayakan) are required to hold exceptional track records, in addition to possessing related and required technical knowledge and competency, financial capability, experience, and expertise on the operation of the refinery.
6. The potential bidders will be placed through a pre-qualification assessment round and will be evaluated as par the requirements listed in paragraph 5.
7. Once the names of the successful companies of the pre-qualification assessment are released, these parties will be expected to travel to the refinery and conduct a Feasibility Study and submit a Feasibility Study Report consisting of the following headings:
   - Crude Oil Source
   - Crude Oil transportation route
   - Refinery capacity
   - Revamping Plan for existing Refinery
   - Set up plan for new refinery
   - Other necessary matters in order to proceed the Request for Proposal
8. The interested parties can contact the following addresses for any inquiries.

   (1) Director General
   Oil and Gas Planning Department
   Ministry of Energy
   Office No.6, Nay Pyi Taw
   Phone: 067 3411046

   (2) Managing Director
   Myanma Petrochemical Enterprise
   Ministry of Energy
   Office No.44, Nay Pyi Taw
   Phone: 067 3 411059

## ဦးသောင်းထွဋ်
### ပြည်တွင်းအခွန်ဦးစီးမှူး(ငြိမ်း)
### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက်၊ ဗိုလ်စောနောင်လမ်း၊ အမှတ်(၉၄၂)နေ (ဦးစိန်ဦး-ဒေါ်သန်းကြည်)တို့၏သား၊ (ဒေါ်သန်းသန်းဌေး)၊ ဒေါ်မြင့်မြင့်သိန်း၊ (ဒေါ်ယဉ်ယဉ်ကြည်)တို့၏မောင်၊ ဒေါ်သိန်းသိန်းတိုး၏အစ်ကို၊ မစုမြတ်လှိုင်၊ ကိုမြတ်သူရ၊ မနေကြည်ဟန်၊ မစုနှင်းလှိုင်၊ ကိုချမ်းမင်းဟန်၊ မရွှေစင်ဟန်၊ မောင်ဉာဏ်လင်းဟန်၊ မမိုးနွယ်ထွဋ်၊ မောင်ထွဋ်သီ၊ မောင်မြသိန်းဟန်၊ မမြတ်သီရိထွဋ်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ခုနစ်ယောက်တို့၏ အဘိုး၊ ဒေါ်မြင့်မြင့်သန်း၏ ချစ်လှစွာသောခင်ပွန်း ဦးသောင်းထွဋ်သည် ၁၀-၁-၂၀၂၃ (အင်္ဂါနေ့) နံနက် ၆:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၂-၁-၂၀၂၃ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုဿာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးဇော်မင်း
### Chief Engineer– KT Group
### အသက် (၅၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရတနာနှင်းဆီအိမ်ရာနေ (ဦးသန်းဝေ)-ဒေါ်ကြည်ဝင်းတို့၏ သား၊ (ဦးမော်ဖျင်းဆန်း-ဒေါ်ရှောက်လေ)တို့၏ သားသမက်၊ ဒေါ်အဆီမေ၏ ခင်ပွန်း၊ ဦးမျိုးအောင်-ဒေါ်ခင်မကြီး၊ ဦးဇော်ဝင်း-ဒေါ်စိုးစိုးမြင့်၊ ဦးကျော်စိုး-(ဒေါ်ခင်မလေး)တို့၏ ညီ/မောင်၊ ဦးသိန်းစိုးအောင်- ဒေါ်ခင်မိမိလေးတို့၏အစ်ကို၊ ဦးထက်ဇော်-ဒေါ်သူသူ၊ ဦးအောင်ကောင်းမြတ်တို့၏ ချစ်လှစွာသော မွေးသဖခင်သည် ၉-၁-၂၀၂၃ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၂၃ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုဿာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၀ အေ၊ မြေကွက်အမှတ်- ၅၇၀ အိုင်/၂၊ ဧရိယာ- ၀.၀၆၃ ဧကရှိ မြေပိုင်မြေကွက် [တစ်နည်းအားဖြင့် အမှတ် (၃၀အေ-၂)၊ ဗောဓိရိပ်သာလမ်း၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့]နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးဖြိုးဝေသောင်း [၉/အမရ(နိုင်)၀၈၆၇၉၀]နှင့် ဒေါ်မိစိုးဧကရီအေး [၇/သဝတ(နိုင်) ၀၅၆၀၄၇] တို့အမည်ဖြင့် မှတ်သားထားပါသည်။ မိမိတို့ တရားဝင် အမည်ပေါက် လက်ဝယ်ထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုသည်ကို ယုံကြည်သဖြင့် အရောင်းအဝယ်ပြုလုပ်ရန် သဘောတူညီကြပြီး ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှု၊ ရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့် အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်တင့်(ခ)ဦးခင်ထွန်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၇၅၁/ ၁၉၉၁)**
**အမှတ်- ၃၃/၄၉၊ အခန်း(၂)၊ Strand Condo (ပ)ထပ်၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉- ၅၁၃၉၃၀၆**

### ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
### ကျောက်တံတားခရိုင် တရားရုံး
### ၂၀၁၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၆၆ နှင့် ဆက်နွယ်သည့် ၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၁၄၅ ။

| | | |
|---|---|---|
| ဒေါ်မြင့်မြင့်စိုး<br>**ဒီကရီအနိုင်ရသူ** | နှင့် | ဒေါ်စန်းစန်းယု<br>**တရားရှုံး** |

**ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၅)လမ်း၊ အမှတ် (၅၁) (မြေညီထပ်)နေ တရားရှုံး ဒေါ်စန်းစန်းယု (ယခုနေရပ်လိပ်စာ မသိ)** သိစေရမည်။

၂၀၁၇ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၆၆ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီ အနိုင်ရသူက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်၊ (၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်)နေ့ မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မင်းသန့်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ကျောက်တံတားခရိုင်တရားရုံး**

## ဦးမောင်မောင်ရီ(B.Ag,1974)
### အထွေထွေမန်နေဂျာ(ငြိမ်း)၊ စီမံကိန်းဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန
### အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ [ဦးလှရီ(ဆောက်လုပ်ရေး-ငြိမ်း)-ဒေါ်ရီရီ]တို့၏ သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၃) ရပ်ကွက်၊ ရွှေဝါထွန်းလမ်း၊ အမှတ်(၁၇၄)နေ ဒေါ်ကြီးကြီးစိုး(အဖွဲ့ခွဲမှူး-ငြိမ်း၊ စိုက်ပျိုးရေး)၏ခင်ပွန်း၊ ဦးဝင့်သော်ဉာဏ်(ACQUA Sanitary Ware)-ဒေါ်ရီစန္ဒီစိုး တို့၏ဖခင်သည် ၁၀-၁-၂၀၂၃ရက်(အင်္ဂါနေ့) မွန်းလွဲ ၁:၃၇ နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန် သွားပါသဖြင့် ၁၂-၁-၂၀၂၃ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈:၃၀နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

### အထူးဝမ်းနည်းကြေကွဲကြောင်း
## ဦးမောင်မောင်ရီ(B.Ag, 1974)
### အထွေထွေမန်နေဂျာ(ငြိမ်း)၊ စီမံကိန်းဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန
### အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၃)ရပ်ကွက်၊ ရွှေဝါထွန်းလမ်း၊ အမှတ်(၁၇၄)နေ ဒေါ်ကြီးကြီးစိုး (အဖွဲ့ခွဲမှူး-ငြိမ်း၊ စိုက်ပျိုးရေး)၏ ခင်ပွန်း၊ ဦးမောင်မောင်ရီ(စိုက်ပျိုးရေးဦးစီးဌာန၊ စီမံကိန်းဌာနခွဲ၊ အထွေထွေမန်နေဂျာ-ငြိမ်း)သည် ၁၀-၁-၂၀၂၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၁:၃၇နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်း နည်းကြေကွဲရပါကြောင်း။

**ဒေါက်တာရဲတင့်ထွန်း(ညွှန်ကြားရေးမှူးချုပ်)ဇနီး ဒေါက်တာဌေးဌေးစိုး နှင့်**
**စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းမိသားစု**

### အများသိစေရန်ကြေညာချက်

တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝ(၆)လမ်း၊ မြေတိုင်းရပ်ကွက် အမှတ် (၆)၊ မြေကွက်အမှတ် (၄၇၁/က)၊ အမှတ်(၄၇၁/က)တွင် (၃)ထပ်တိုက် (Slab Roof)(မိသားစုနေအိမ်)အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန် မြေပိုင်ဆိုင်မှုအနေဖြင့် မြို့ပြမြေစီမံခန့်ခွဲမှုဌာန၏၁၉၉၃-၁၉၉၄ ခုနှစ်ထုတ် နှစ်(၆၀)မြေငှားဂရန်စာချုပ်အမည်ပေါက် ဦးဌေး၏ အထူးကိုယ်စားလှယ် လွှဲစာရရှိသူ ဦးသူရကျော်(၁၂/အစန(နိုင်)၀၆၃၆၄၃) မှ Online တွင် BP1-5165 အမှုတွဲအား မှတ်ပုံတင်လက်မှတ်ရ အင်ဂျင်နီယာ ဒေါ်လဲ့ဝါဝါစိုး(RSE-Construction-00532) ဖြင့်တင်ပြလျှောက်ထားလာရာတွင် မြေအမည်ပေါက် ဦးဌေး၏ နိုင်ငံသားစိစစ်ရေးကတ်ပြား တင်ပြနိုင်မှုမရှိခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက် အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် စိစစ်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း(၇)၊ အမှတ်(၈) ရပ်ကွက်၊ မြင်စိုင်းပန်းခြံ(၃)လမ်း၊ အမှတ်- ၃၄၇(က)၊ မြေအကျယ် (၂၀x၆၀)ပေ၊ မြေချပါမစ်မြေအမျိုးအစားမြေကွက်နှင့် နေအိမ်အပါ အဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက် ပိုင်ဆိုင်သူ ဦးအောင်တင် (WAW- ၀၃၇၈၆၅)ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကယ်ရီလိုင်း [၂/ဒမဆ(နိုင်)၀၃၄၈၉၁]မှ စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေနှင့် အိမ်အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထားမူရင်းများနှင့် ယနေ့မှစ၍ (၇)ရက် အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကယ်ရီလိုင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှဝင်းနွယ်(စဉ်-၉၆၈၉) ဒေါ်အေးမြသွယ်(စဉ်-၁၃၇၆၉)**
**(တရားလွှတ်တော်ရှေ့နေများ)**
**ရှေ့နေများနားနေခန်း၊ မြို့နယ်တရားရုံးဝင်း၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၂၅၀၀၅၀၈၈၄၊ ၀၉-၄၂၁၁၇၂၁၀၁**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၄၊ သိင်္ဂီ(၆)လမ်း၊ မြေကွက်အမှတ်- ၄၃၀၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ) ရှိ ဦးအေးမြင့် (N/RGN-၀၀၂၄၅၉) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၁) ဦးဇော်မင်းဦး [၁၂/ဗတထ(နိုင်) ၀၃၃၁၄၇]၊ (၂) ဒေါ်အေးအေးမင်း [၁၂/ဗတထ(နိုင်)၀၂၉၈၈၆]၊ (၃) ဒေါ်နီလာအေး [၁၂/ဒဂတ(နိုင်)၀၆၀၇၂၁]၊ (၄) ဒေါ်ငုဝါထွေး [၁၂/ဒဂတ(နိုင်)၀၉၂၈၀၃]တို့မှ တရားဝင် အမွေဆက်ခံ လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများ ဖြစ်ကြောင်း ဝန်ခံကတိပြုသဖြင့် ၎င်းတို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။(၇)ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ထာနွယ်ခင် တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၂၁)**
**LL.B, D.I.R, D.I.L, D.M.L, DL-101 (WIPO)**
**ဒေါ်နိုင်ဇင်ဝင်း တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၃၀၈၈) (LL.B, D.B.L)**
**အမှတ်-၆၅၃၊ ဇာနည် (၁၄)လမ်း၊ ၉-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉- ၅၁၉၇၉၃၂၊ ၀၉ -၉၆၃၁၂၂၅၆၅**
**E-mail-htarnwekhin92@gmail.com**

ဘုရား၊ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး ဒါယကာကြီး
## ဦးအေးမောင်(ရေဦး)
### မဟာတံဆိပ်ရိုက်လုပ်ငန်း၏ပိုင်ရှင်
### အသက်(၈၄)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်နေ (ဦးဘိုးလွင်-ဒေါ်အေးစံ) တို့၏သား၊ ဒေါ်စိန်ဝင်း၏ခင်ပွန်း၊ (ကိုကြည်စိုး-မစန်းစန်းထွေး)၊ ကိုသိန်းတိုး-မခင်လေးဆွေ၊ ကိုအောင်ကျော်ခန့်-မခင်သီတာစိုးတို့၏ ချစ်လှစွာသောဖခင်ကြီးသည် ၁၀-၁-၂၀၂၃ ရက် နံနက် ၆:၂၅ နာရီတွင် အာယုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁-၂၀၂၃ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [အမှတ် (၅၇)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ရွှေဂုံတိုင်ခုံးကျော်တံတားအောက်၊ ဗဟန်းမြို့နယ်၊ မဟာတံဆိပ်ရိုက်လုပ်ငန်းနေအိမ်မှ ကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။ ကျန်ရစ်သူမိသားစု

### ကန့်ကွက်နိုင်ပါကြောင်း

တော်ဝင်မိသားစုဆောက်လုပ်ရေးကုမ္ပဏီမှ ဆောက်လုပ်ရောင်းချသော ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ (၁၆) ရပ်ကွက်(ရွာမအနောက်)၊ ဖန်ချက်စက်လမ်း၊ မုဒိတာအိမ်ရာ(၂)၊ အခန်းအမှတ်- 2B-348 တိုက်ခန်းအား ကျွန်ုပ်၏အမှုသည် ဦးအောင်သန်း (ဘ) ဦးပြည်ချုပ် မှတ်ပုံတင်အမှတ် [၄/ပလဝ(နိုင်)၀၂၃၁၉၇] ကိုင်ဆောင်သူမှ အမည်ပေါက်ပိုင်ဆိုင်ထားပါသည်။ ယခုအခါ အဆိုပါ 2B-348 မုဒိတာအိမ်ရာ(၂)၊ ဖန်ချက်စက်လမ်း၊ (၁၆)ရပ်ကွက် (ရွာမအနောက်) အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၏ ပိုင်ဆိုင်မှု(မူရင်း)စာရွက်စာတမ်းများမှာ သဘာဝမီးဘေး အန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ပါသဖြင့် တော်ဝင်မိသားစုဆောက်လုပ်ရေးကုမ္ပဏီတွင် မိတ္တူမှန် ပြန်လည်လျှောက်ထားမည်ဖြစ်သည့် အတွက် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၁)လအတွင်း တော်ဝင်မိသားစုဆောက်လုပ်ရေးကုမ္ပဏီ (သို့မဟုတ်) ကျွန်ုပ်ထံတွင် အထောက်အထား(မူရင်း)ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေစုနိုင် LL.B,D.I.L,D.B.L**
**အထက်တန်းရှေ့နေ (စဉ်-၄၆၀၁၁)(၂၉-၅-၂၀၁၅)**
**၂ အေ- ၁၆၇၊ မြေညီထပ်၊ မုဒိတာအိမ်ရာ(၂)၊ (၁၆)ရပ်ကွက်(ရွာမအနောက်)၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄/၁)၊ မြေကွက်အမှတ်(၈/၂)၊ မြေကွက်တည်နေရာအမှတ်(၈/၂)၊ မြင်သာ (၂)လမ်းနှင့် စိန်ပန်းရိပ်သာလမ်းထောင့်၊ (၁၄/၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဒေါ်သန်းမှီ) (EA-008063) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်သန်းမှီ မြေကွက်အား ဒေါ်သန်းမှီ (မိခင်)နှင့် ဦးစန်းမောင် (ဖခင်)တို့ ကွယ်လွန်သဖြင့် ဦးကျော်ကျော် [၁၂/ဥကတ(နိုင်)၁၂၀၃၆၇]၊ ဒေါ်သန်းသန်းထွေး [၁၂/ဥကတ(နိုင်)၁၂၀၃၆၉]၊ ဒေါ်စန်းစန်းထွေး [၁၂/ဥကတ(နိုင်)၁၃၀၆၁၁]၊ ဦးထင်ကျော် [၁၂/ဥကတ(နိုင်)၁၂၀၃၆၈] တို့မှ သား/သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာအမှတ်-၂၄၀၅/၂၀၂၂(၂၅-၈-၂၀၂၂)၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်၊ နိုင်/ကတ်များ၊ သေဆုံးသည်မှာ မှန်ကန်ကြောင်း ရပ်ကွက်၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးနှင့် တိုင်းကျန်းမာရေး၏ ထောက်ခံချက်၊ အိမ်ထောင်စုစာရင်းများ၊ ဝန်ဆောင်ခတို့ တင်ပြ၍ (ပိုင်ဆိုင်ကြောင်းနှင့် အရောင်းမြေပုံကူး) လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်- ၃၊ မြေကွက်အမှတ်(၂၀၇) ဟုခေါ်တွင်သော မြေဧရိယာ အကျယ်အဝန်း (၄၀x၆၀)ပေအနက်မှ တရားဝင်မခွဲမစိတ်ရသေးသည့် အကျယ်အဝန်း (၁၃ ပေ ၄ လက်မ x ၆၀ပေ)ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချသူ ဒေါ်ပြုံးချို [၁၂/ကတတ(ပြု)၀၀၀၁၂၄]မှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ၍ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်စိုးစိုးမာ [၁၀/မလမ(နိုင်)၁၂၉၄၀၁]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်စိုးစိုးမာ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်သူဇာအောင် (LL.B, D.I.L, Dip in HR)** | **ဒေါ်ခင်အေးဝင်း ( LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၅၀)** | **အထက်တန်းရှေ့နေ(စဉ်-၅၂၅၈၂)** |
| **ဖုန်း- ၀၉-၆၉၂၂၀၁၀၀** | **ဖုန်း- ၀၉-၇၉၆၇၆၄၈၉၈** |

**အမှတ်-၆၂၊ အခန်းအမှတ်(၉)၊ ပထမထပ်၊ ပန်းဆိုးတန်း(အောက်လမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ လူနေရပ်ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ်-၂၈၀(က)၊ အကျယ်အဝန်း (၂၀'x၆၀') (၁၂၀၀)စ/ပေ၊ နှစ်(၆၀) မြေငှားဂရန်၊ အမှတ် (၂၈၀/က)၊ (၇)လမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေကွက်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ခင်ခင်ဌေး [၁၂/ဥကတ(နိုင်)၀၁၁၉၁၀] အမည်ပေါက် မှတ်သားထားရှိပြီး ဒေါ်ခင်ခင်ဌေးမှ ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကာ ရောင်းချရန် ကမ်းလှမ်းခြင်းအပေါ် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း တရားဝင်ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝင်းဝင်းမြင့် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၂၄၅/၂၀၀၄)**
**အမှတ်(၁၀၀)၊ ၁၃-လမ်း၊ ၆-ရပ်ကွက်။ ဖုန်း- ၀၉-၇၈၀၈၅၈၅၃၀**

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့၊ (၁)ရပ်ကွက်၊ ယုဇနလမ်း၊ ဦးပိုင်အမှတ်(၇၃)၊ မြေကွက်အမှတ်(၂၂)ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် (၃၀-၃-၁၉၈၃) နေ့စွဲပါ "အိမ်အရောင်းအဝယ်ကတိစာချုပ်"အရ ကျွန်ုပ်မိတ်ဆွေက ဦးငွေစိုး (TGA-၀၀၉၁၉၄)ထံမှ ဝယ်ယူခဲ့ပြီး ပိုင်ဆိုင်အကျိုးခံစားနေသည့် ပစ္စည်းရပ်ဖြစ်ပါသည်။ သို့ဖြစ်၍ ဖော်ပြပါ အိမ်၊ ခြံ၊ မြေကို ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုသိရှိ သဘောတူညီမှု တစ်စုံတစ်ရာမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အာမခံတင်သွင်းခြင်း၊ ပေးကမ်းစွန့်လွှတ်လှူဒါန်းခြင်း၊ ငှားရမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူ၏တာဝန်သာဖြစ်ပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်နွဲ့၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဝဏ္ဏစည်သူမိုး**
**အထက်တန်းရှေ့နေ (စဉ်-၄၇၁၃၂)**
**အမှတ်(၁၈၉)၊ မင်းရဲကျော်စွာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၄၄၂၀၁၇၄**

## မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၄ ရပ်

၁။ **နိုင်ငံရေး**
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
- (ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
- (က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

❖ MSME လုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းသည် ပုဂ္ဂလိကကို ဗဟိုပြုသည့် စီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းပင် ဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း....

❖ မိမိတို့နိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်၊ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည့် နိုင်ငံဖြစ်ကြောင်း....

❖ ဈေးကွက်စီးပွားရေးစနစ်တွင် ပုဂ္ဂလိကအခန်းကဏ္ဍ၊ လူတစ်ဦးချင်း၏ အခန်းကဏ္ဍသည် တိုင်းပြည်တစ်ခု၏ အဓိကမောင်းနှင်အားဖြစ်ကြောင်း....

( အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ(၁/၂၀၂၂) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## AFF Cup ပြိုင်ပွဲ ဗိုလ်လုပွဲသို့ လက်ရှိချန်ပီယံ ထိုင်းအသင်း တက်ရောက်

ရန်ကုန် ဇန်နဝါရီ ၁၀

2022 AFF Cup ပြိုင်ပွဲ ဆီမီးဖိုင်နယ် ဒုတိယအကျော့ (ဒုတိယနေ့)ကို ဇန်နဝါရီ ၁၀ ရက်က ထိုင်းနိုင်ငံ၌ ကျင်းပရာ ထိုင်းအသင်းက မလေးရှားအသင်းကို သုံးဂိုးပြတ်အနိုင်ရပြီး ဗိုလ်လုပွဲ တက်ရောက်သွားသည်။

ပထမအကျော့ အဝေးကွင်းပွဲတွင် အရေးနိမ့်ထားသည့် လက်ရှိချန်ပီယံ ထိုင်းအသင်းသည် ဒုတိယအကျော့ အိမ်ကွင်းပွဲတွင် ဂိုးပြတ်အနိုင်ယူကာ နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-တစ်ဂိုးဖြင့် ဗိုလ်လုပွဲတက်ရောက်သွားသည်။

ထိုင်းအသင်းသည် အိမ်ကွင်း၌ နှစ်ဂိုးနှင့်အထက် အနိုင်ရရန် လိုအပ်နေသဖြင့် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၁၉ မိနစ်တွင် ဝါရင့်တိုက်စစ်မှူး ဒန်ဒါက အဖွင့်ဂိုးစတင်သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ပွဲမှာအပြန်အလှန်ရှိလာသော်လည်း ပထမပိုင်းအပြီးတွင် ထိုင်းအသင်းက တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ○




ထိုင်းအသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

### ယနေ့ ဖတ်စရာ

(၇၅)နှစ်မြောက် စိန်ရတု ကချင်ပြည်နယ်နေ့အထိမ်းအမှတ် ငြိမ်းချမ်းသာယာရေးကူးကန်ဖွင့်လှစ် စာမျက်နှာ » ၅

လာမည့်ရွေးကောက်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ထိုင်းဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာ ညီညွတ်သောထိုင်းအမျိုးသားပါတီသို့ ဝင်ရောက် စာမျက်နှာ » ၁၃



ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချ စာမျက်နှာ » ၁၅




အခန်းဆက်ဝတ္ထုရှည် စာမျက်နှာ » ၁၇

## ရန်ကုန်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ကစားသမားသစ်ခေါ်ယူ




ရန်ကုန်အသင်းက ခေါ်ယူခဲ့သည့် တိုက်စစ်မှူး ရန်ကျော်ထွေး

ရန်ကုန် ဇန်နဝါရီ ၁၀

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် ရန်ကုန်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းသည် ရာသီသစ်အတွက် ကစားသမားသစ်များ စတင်ခေါ်ယူလျက်ရှိသည်။

၂၀၂၂ MNL အမှတ်ပေးပြိုင်ပွဲတွင် ဒုတိယဆုရခဲ့သည့် ရန်ကုန်ယူနိုက်တက်အသင်းမှာလည်း ရာသီသစ်အတွက် ပထမဆုံး ကစားသမားခေါ်ယူမှုအဖြစ် တိုက်စစ်မှူး ရန်ကျော်ထွေးကို ခေါ်ယူခဲ့သည်။ ရန်ကျော်ထွေးသည် ပြီးခဲ့သည့်ရာသီက ရှောဝတီအသင်းတွင် ခြေစွမ်းပြ

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❒

## ပါရီအိုလံပစ် အာရှဇုန်အမျိုးသမီးခြေစစ်ပွဲ ပထမအဆင့် အုပ်စုမဲခွဲပွဲ ဇန်နဝါရီ ၁၂ ရက်တွင် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၀

၂၀၂၄ ပါရီအိုလံပစ် အာရှဇုန်အမျိုးသမီးဘောလုံးခြေစစ်ပွဲ ပထမအဆင့်အုပ်စုမဲခွဲပွဲကို ဇန်နဝါရီ ၁၂ ရက်တွင် ကျင်းပမည်ဖြစ်သည်။

အာရှဇုန်ခြေစစ်ပွဲကို အဆင့်သုံးဆင့်ခွဲ၍ ကျင်းပမည်ဖြစ်ပြီး ပထမအဆင့်တွင် အသင်းစုစုပေါင်း ၂၆ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ခြေစစ်ပွဲအုပ်စုမဲခွဲရန် ဆီဒင်သတ်မှတ်ချက်များကို ပြီးခဲ့သည့်ရက်ပိုင်းက ထုတ်ပြန်ခဲ့ပြီး မြန်မာအသင်းသည် Pot-1 တွင် ပါဝင်ခဲ့သည်။ Pot-1 တွင် မြန်မာ၊ ဗီယက်နမ်၊ ထိုင်း၊ တရုတ်(တိုင်ပေ)၊ ဥဇဘက်ကစ္စတန်၊ အိန္ဒိယ၊ ဖိလစ်ပိုင်၊ Pot-2 တွင် ဂျော်ဒန်၊ အီရန်၊ အင်ဒိုနီးရှား၊ နီပေါ၊

စာမျက်နှာ ၁၅ ကော်လံ ၄ သို့ ❖